မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် နိုဝင်ဘာ ၂၂ရက် နံနက်ပိုင်းက နေပြည်တော်တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာ၌ ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်၍ မိုးစပါးစုပေါင်းရိတ်သိမ်းခြွေလှေ့ခြင်းနှင့် ရိတ်သိမ်းခြွေလှေ့စက်၊ ဇရာ(၁)ထွန်စက်များနှင့် ပခုံးထမ်း စပါးရိတ်စက်များကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူးသည် သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးမည့် ကုလားပဲနှင့် နေကြာပျိုးကြဲနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးသည် ကင်းသာချောင်းပိတ် ဆည်တည်ဆောက်နေသော လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် တပ်ကုန်းမြို့နယ် ကျားသေအိုင် ကျေးရွာ၌ သီးထပ် သီးညှပ်အဖြစ် စိုက်ပျိုးမည့် ကုလားပဲနှင့် နေကြာ ပျိုးကြဲနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ယခုလို တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအနေနဲ့ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ခံယူဝင်ရောက်လာခြင်းဟာ နိုင်ငံတော်သစ်မှာ မရှိမဖြစ်လိုအပ်လျက်ရှိတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ကြီးစွာသော အထောက်အပံ့ ခွန်အားပဲဖြစ်။

ကျော်ရဲမင်း၏ ဆောင်းပါး စာ- ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

စကြဝဠာ၏ အံ့ဘနန်း ထူးခြားဖြစ်စဉ်များ နက္ခတ်တာရာပြခန်း(နေပြည်တော်)၌ လေ့လာနိုင်ကြပြီ

သတင်းခရီးသည်-မြင့်မောင်စိုး ✦ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း) ✦ စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး (မြန်မာ့အလင်း)

လူသားများနေထိုင်ရာ Milky Way ဂလက်ဆီ (နဂါးငွေ့တန်း)၏ အသွင်အပြင်။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်က နေပြည်တော်ကြီး နိုင်ငံတကာအဆင့်မီ ပေါ်ထွန်းလာစေရေးအတွက် အခြေခံအဆောက်အအုံများကို တိုးမြှင့်တည်ဆောက်လျက်ရှိရာ ယခုအခါ အံ့မခန်း တိုးတက်ပြောင်းလဲလာသော မြင်ကွင်းသစ်များကို မြင်တွေ့နေရပေပြီ။

စာမျက်နှာ ၃ ကော်လံ ၁ ●

နက္ခတ်တာရာပြခန်း(နေပြည်တော်)

နက္ခတ်တာရာပြခန်း (နေပြည်တော်) ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

26-11 (01).pmd 1 11/26/2009, 11:55 AM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၆ ရက်)

စက်မှုနိုင်ငံအဖြစ် တက်လှမ်း ကူးပြောင်းထူထောင်နိုင်ရေး ကျွမ်းကျင်သော စက်မှုပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းထူထောင်နိုင်ရန် စက်မှုကဏ္ဍကို အလေးထား ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်၏စက်မှုကဏ္ဍကို အကောင်အထည်ဖော်ရာ၌ ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုဇုန်များ ထူထောင်အားပေးမြှင့်တင်ပေးလျက်ရှိသည်။ စက်မှုကဏ္ဍတွင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း နှစ်ပိုင်းရှိရာ ပုဂ္ဂလိကအပိုင်းက ဆောင်ရွက်နိုင်စွမ်းမရှိသော ကိစ္စရပ်များကို နိုင်ငံတော်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပြီး စက်မှုလုပ်ငန်းအားလုံး တိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

စက်မှုအတတ်ပညာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရာတွင် နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များ၊ စက်မှုသိပ္ပံကျောင်းများ၊ စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းများတွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များ တည်ထောင်၍ သွင်းကုန်အစားထိုးစက်ရုံများ တိုးချဲ့ထူထောင်လျက်ရှိရာတွင် ကျောက်ဆည်စက်မှုနယ်မြေ၊ သာဂရစက်မှုနယ်မြေ၊ ပခုက္ကူစက်မှုနယ်မြေတို့တွင် စက်ရုံများတည်ထောင်၍ စက်မှုကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသည်။

ကျောက်ဆည်စက်မှုနယ်မြေတွင် ဘီလပ်မြေစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားစက်ရုံ၊ ဖိနပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အဆင့်မြင့် မီးခံအုတ်စက်ရုံ၊ ပလတ်စတစ်စက်ရုံတို့ကို တည်ထောင်ထားပြီး ပဲခူးတိုင်း သာဂရစက်မှုနယ်မြေတွင် မော်တော်ယာဉ်၊ မြေထိုး၊ မြေတူးယန္တရား၊ စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများထုတ်လုပ်သည့် စက်ရုံများအတွက် လိုအပ်သော **Control System** များ၊ ဆောက်လုပ်ရေးသုံးစက်ယန္တရားများကို ထုတ်လုပ်လျက်ရှိသည်။

ပခုက္ကူစက်မှုနယ်မြေတွင် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ကို တည်ဆောက်လျက်ရှိပြီး ပြည်ပသင်တန်းဆင်းနည်းပြများဖြင့် သင်ကြားပြသသွားမည်ဖြစ်သည်။

စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်)တွင် အဆင့်မြင့်ခေတ်မီစက်များဖြင့် ထုတ်လုပ်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုကို လျာထားချက်အတိုင်း ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံအဖြစ် တက်လှမ်းထူထောင်နိုင်ရန် ပြည်ထောင်စုတစ်ဝန်း စက်မှုဇုန်များ၊ စက်မှုနယ်မြေများ တည်ထောင်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ စက်မှုအတတ်ပညာရှင်များကလည်း အုတ်တစ်ချပ်သဲတစ်ပွင့်ပါဝင်၍ နိုင်ငံ့အကျိုးပြု ကျွမ်းကျင်သောစက်မှုပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကန်ညီနောင်ရေကန် ခြံစည်းရိုးကာ

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ်(၂)ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ကန်ညီနောင်ရေကန် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂၆-၁၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅:၃၀ ၇။ မွေးမြူသုတ
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၂၆)
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁၃)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု လှမ်းလာခဲ့ပါ ပြည်မြန်မာ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၃၀)

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ပင်းတယမြို့နယ်၌ကျင်းပ

ပင်းတယ နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ရက် နံနက် ၈ နာရီခွဲက သရက်ကုန်းကျေးရွာအုပ်စု သရက်ကုန်းရွာမကွင်း ဦးပိုင်အမှတ်(၄၃) ကွင်းအမှတ်(၆၃) တောင်သူ ဦးအုံးရွှေ၏ ယာမြေ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရိတ်သိမ်း

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်၊ တောင်ကြီးခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ငြိမ်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစိုးသန်းနှင့် မြေစာရင်းဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၇၈ဒသမ၁၂တင်းထွက်ရှိပြီး ဆက်လက်၍ မြို့မအုပ်စု ရွှေရင်အေးစပါးစံကွက်ကို ရိတ်သိမ်းရာတွင် ငှက်ပျောတောရပ်ကွက် ကွင်းအမှတ်(၇) ဦးပိုင်အမှတ်(၁၂၈/၁) တောင်သူ ဦးလှမြင့်၏ယာမြေ၌ တစ်ဧကအထွက်နှုန်း ၈၄ဒသမ၀၅တင်းထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)
(၂၇-၁၁-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(အင်္ဂုလိမာလသုတ် + ဓဇဂ္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (ပြုံးနိုင်ကြတုန်းမှာ ပြုံးထားလိုက်ကြပါ)
၈:၃၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန်
၁၂:၁၀ အလုပ်အကိုင်အခွင့်အလမ်း (မြဝတီဘဏ်)
၁၂:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (တို့မယူလို)
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ခင်ညွှန့်ရီ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ ဆောင်းပါး (စိတ်ကောင်းထားခြင်းနှင့် စိတ်ထားကောင်းခြင်း) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မြန်မာစာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကကြီးမှူး၍ အသက်(၇၀)နှင့်အထက် အငြိမ်းစား မြန်မာစာ ဆရာကြီး ဆရာမကြီး ၄၅ဦးတို့အား နဝမအကြိမ်မြောက် ပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၁၉ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပညာသင်နှစ်အသီးသီးမှ မြန်မာစာမိသားစုဝင်အားလုံး ပြန်လည် ဆုံတွေ့နိုင်ရန်နှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန်အတွက် မပျက်မကွက် တက်ရောက်ကြရန် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဖုန်း-၀၁-၅၃၆၀၇၂နှင့် ၅၀၁၀၄၀ (တောင်ငူဆောင်)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ကြည့်မြင်တိုင်မြို့နယ် သရက်တောဥလမ်း သရက်တော(တောင်) ရပ်ကွက် အမှတ် ၉၉နေ သားကြီး ဦးမောင်စိန်နှင့် ဇနီး၊ သားသမီးမြေးတစ်စုက မိခင်ကြီး ဒေါ်ပန်သာနမ်(**India**) ငါးနှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အင်္ဂလိပ်စာအဆင့်မြင့်သင်တန်းနှင့် စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ဝန်ကြီး ဦးအောင်သောင်း တက်ရောက် အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန အင်္ဂလိပ်ဘာသာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၉)နှင့် စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်သင်ကြား

သင်တန်းဆင်းပွဲသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားရာ၌ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်စေရန် သင်တန်းမျိုးစုံကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းကရရှိသည့် အတွေ့အကြုံများကို လက်တွေ့လုပ်ငန်းများနှင့် ဆက်စပ်ပြီး အသုံးချတတ်ဖို့ အထူးလိုအပ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့ သက်ဆိုင်ရာလုပ်ငန်းခွင်ကို ပြန်လည်ရောက်ရှိသည့်အခါ သင်တန်းကရရှိသည့် အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ ဗဟုသုတများကို ထိထိရောက်ရောက် အသုံးချ၍ ဝန်ကြီးဌာန အကျိုးကို ပိုမိုထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်သွားကြရန် တိုက်တွန်းမှာကြားသည်။

ပေးအပ်

ထို့နောက် ဝန်ကြီးသည် သင်တန်းများ၌ ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်များထံ ပေးအပ်သည်။

အင်္ဂလိပ်ဘာသာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၉)နှင့် စီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၁/၂၀၀၉)တို့၌ သင်တန်းသား သင်တန်းသူ ၅၉ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောဝမ်းဖလားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကျင်းပ

မြစ်သား နိုဝင်ဘာ ၂၅

မြစ်သားမြို့နယ် သာလွန်ကျေးရွာ ဒေါ်ကျင်တူး အောဝမ်းမိသားစုက ကြီးမှူး ကျင်းပသည့် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက်(၁၉)နှစ်အောက် ကျေးရွာပေါင်းစုံ သတ္တမအကြိမ်မြောက် အောဝမ်းဖလား ဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲဖွင့်ပွဲကို သာလွန်စံပြကျေးရွာပြည်သူ့ အားကစားကွင်း၌ နိုဝင်ဘာ၂ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အောဝမ်းမိသားစု ဦးစိုးညွန့်က ဘောလုံးပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းခြင်း၊ ကျောက်ဆည်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝမ်းက အမှာစကားပြောကြားကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ပြိုင်ပွဲ ကျင်းပရေး ကော်မတီသို့ ဘောလုံးများပေးအပ်လှူဒါန်း၍ ဘောလုံးပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးလှခိုင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယင်းပြိုင်ပွဲတွင် အသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်၍ ပြိုင်ပွဲကာလမှာ ယခုနှစ် နိုဝင်ဘာ ၂ရက်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်အထိ ယှဉ်ပြိုင်လျက်ရှိသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညိုမင်း၊ (တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ အကပဒေသာ
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ **မီဒီယာရဲ့အလင်းတန်းများ ရခိုင်ပြည်မှလွမ်းခြုံသွား**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သချ်ာအထူးပြု) (သချ်ာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၁၀ ၇။ အဆိုပြိုင်ပွဲ
၅:၂၀ ၈။ **ရိုးသားစွာကြိုးစားပါ**
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၁) မိုးမိုး၊ သူရလင်း၊ ညီထက်၊ သဇင်၊ ယမင်းမြင့်သိန်း၊ ယုဇဗိုလ်မြင့် (ဒါရိုက်တာ- အောင်ကျော်သူရ)
၆:၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၁၅)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၇)
၁၉။ အစီအစဉ်ပြီး၏။



နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်ကြီးများနှင့်ပတ်သက်၍ နက္ခတ်တာရာပြခန်း ဝန်ထမ်းတစ်ဦးက ဤသို့ ရှင်းပြသည်။

● *ရှေ့ဖုံးမှ*

တိုးတက်ဖြစ်ထွန်းလာ

ဤသို့ တိုးတက်ဖြစ်ထွန်းလာသော မြင်ကွင်းများအနက်မှ နက္ခတ်တာရာ ပြခန်း(နေပြည်တော်)ကိုလည်း တွေ့မြင်နေရပြီ ဖြစ်သည်။ ဤနက္ခတ်တာရာ ပြခန်းသည် နေပြည်တော်ပျဉ်းမနားနှင့် နေပြည်တော်တပ်ကုန်းကြား ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးဘေး၊ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)အနီး၌ တည်ရှိသည်။

သစ်လွင်လှပ

မြန်မာ့အလင်း သတင်းခရီးသည်တို့သည် မကြာမီက နက္ခတ်တာရာ ပြခန်း (နေပြည်တော်)သို့ သွားရောက်လေ့လာခဲ့ကြသည်။ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)မှ အတွင်းထဲသို့ ဝင်ရောက်သွားပြီး မကြာမီ လိပ်ခုံးသဏ္ဌာန် အမိုးပါ သစ်လွင်လှပသည့် အဆောက်အအုံသစ်ကြီးကို တွေ့ရသည်။ ခေတ်မီ ဗိသုကာ လက်ရာမြောက်စွာ တည်ဆောက်ထားသော အဆောက်အအုံ ဖြစ်သည်။ ထိုအဆောက်အအုံမှာ နက္ခတ်တာရာပြခန်း (နေပြည်တော်)ပင် ဖြစ်သည်။

ဖန်တီးထား၍

နက္ခတ်တာရာပြခန်း(နေပြည်တော်)၏ ရှေ့မျက်နှာစာတည့်တည့်တွင် လူတို့ဖန်တီးထားသည့် ရေတံခွန်ကြီး တစ်ခု တည်ရှိသည်။ ယင်း ရေတံခွန်ကြီးမှ လွင့်စဉ်လာသော ရေစက်၊ ရေပေါက်၊ ရေငွေ့ဓာတ်များကြောင့် ပြခန်းလာ ပြည်သူအပေါင်းတို့ ခရီးပင်ပန်းနွမ်းနယ်သမျှ ပြေပျောက်သွားစေ၏။ ပတ်ဝန်းကျင်တစ်ခွင် ရှုခင်းများကလည်း သာယာလိုက်သည်ဖြစ်ခြင်း။ အရှေ့တောင်ဘက်မှာ ရှမ်းရိုးမတောင်တန်းကြီးနှင့် တိမ်တောင်တိမ်လိပ်များက ပန်းချီကားချပ်သဖွယ်၊ အရှေ့မြောက်ဘက်မှာတော့ မြစိမ်းရောင် လယ်ကွင်းပြင်များက ရှုမျှော်မဆုံး၊ အနောက်ရပ်ခွင်မှာတော့ ပဲခူးရိုးမ တောင်တန်းတွေက အုံ့မှိုင်းရီလျက်....။

ကမ္ဗည်းကျောက်စာ

နက္ခတ်တာရာပြခန်း (နေပြည်တော်)၏ အဆောက်အအုံ ရှေ့တည့်တည့်တွင် ကမ္ဗည်းကျောက်စာနှင့် ရေတံခွန်ငယ် တစ်ခုကို တွေ့ရသည်။ ထိုကမ္ဗည်းကျောက်စာတွင် သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဤနက္ခတ်တာရာပြခန်းကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ် မတ်လ၌ ဖွင့်လှစ်နိုင်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ရည်ရွယ်ချက်

အဆိုပါနက္ခတ်တာရာပြခန်း (နေပြည်တော်)ကို ဖွင့်လှစ်ခဲ့ရသည့်ရည်ရွယ်ချက်မှာ ကျောင်းသားလူငယ်များ၊ ပြည်သူများ၊ နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းပြေ ဖျော်ဖြေရေး အစီအစဉ်အတွက်ပင် ဖြစ်ကြောင်း၊ ပြခန်းကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၁၀ နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ၂နာရီအထိ တစ်ကြိမ် ပြသကြောင်း၊ ပြခန်းဝင်ကြေးအဖြစ် လူကြီး ကျပ် ၅၀၀၀၊ ကလေး ကျပ် ၄၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

အံ့ဘနန်း

ပြခန်းအတွင်းသို့ ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် နက္ခတာရာသိပ္ပံဆိုင်ရာ ဗဟုသုတများ ပေးစွမ်းနိုင်သော ဂြိုဟ်၊ လ၊ ကမ္ဘာတို့အကြောင်း၊ ကျွန်ုပ်တို့နေထိုင်ရာ စကြဝဠာကြီးအတွင်းရှိ ထူးခြားဆန်းပြားသော အရာများအကြောင်း အံ့ဖွယ်ဘနန်း တွေ့ရသည်။

ဂလက်ဆီ

အထူးသဖြင့် ဂလက်ဆီများအကြောင်းကို စိတ်ဝင်စားမိသည်။ ဂလက်ဆီအမျိုးမျိုး မြောက်မြားစွာရှိသည်။ ထိုဂလက်ဆီများအနက် လူသားများနေထိုင်ရာ ဂလက်ဆီမှာ မစ်ကီးဝေး (Milky Way) ဂလက်ဆီ (နဂါးငွေ့တန်း)ပင် ဖြစ်သည်။ ထိုဂလက်ဆီအတွင်း ကြယ်တာရာပေါင်း ဘီလီယံ ၂၀၀ခန့် ရှိသည်။ မစ်ကီးဝေးဂလက်ဆီအတွင်း၌ နေအဖွဲ့အစည်းရှိသည်။ ထိုနေအဖွဲ့အစည်းအတွင်း နေနှင့်ဂြိုဟ်ကြီး ကိုးလုံး ရှိသည်။ ယင်းတို့မှာ မာကျူရီ၊ ဗီးနပ်စ်၊ ကမ္ဘာ၊ မားစ်၊ဂျူပီတာ၊စေတန်၊ယူရေးနပ်စ်၊ နက်ပကျွန်းနှင့် ပလူတိုဂြိုဟ်တို့ ဖြစ်သည်။ သို့သော်လည်း ပလူတိုဂြိုဟ်ကို သိပ္ပံပညာရှင်တို့က ဂြိုဟ်သိမ်ဂြိုဟ်မွှားဟုဆိုကာ ဂြိုဟ်စာရင်းမှ ပယ်ဖျက်ခဲ့သဖြင့် ဂြိုဟ်ကြီး ရှစ်လုံးမျှသာရှိတော့ကြောင်း သိရသည်။

ထိုဂြိုဟ်ကြီးရှစ်လုံးအနက် လူသားများ နေထိုင်ရာဂြိုဟ်မှာ ကမ္ဘာဂြိုဟ် (Earth) ဖြစ်သည်။ ထိုဂြိုဟ်ကြီးရှစ်လုံးသည် နေကို လှည့်ပတ်နေကြသည်။ ယင်းဂြိုဟ်ကြီးများတွင် အရံလများ၊ ကွင်းများရှိကြသည်။ လများသည် ဂြိုဟ်များကို လှည့်ပတ်နေကြသည်။ လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်နှင့် နေမှာ မိုင်ပေါင်း ၉၃သန်း ကွာဝေးပြီး လနှင့် မိုင်ပေါင်း သုံးသိန်းကျော်သာ ကွာဝေးသည်။ လနှင့် နေတို့သည် ကမ္ဘာကို ဆွဲငင်ကြသည်။ လဆွဲအားမှာ နေဆွဲအားထက် နှစ်ဆခွဲပိုများသည်။ ထိုဆွဲငင်အားများကြောင့် ဒီရေအတက်အကျကို ဖြစ်စေခဲ့ကြောင်း ဗဟုသုတများ မှတ်သားခဲ့ရသည်။

ရင်သပ်ရှုမော

ထို့မှဆက်လက်၍ သတင်းခရီးသည်တို့သည် ပြပွဲဆောင်အတွင်း နောက်ဆုံးပေါ် နက္ခတ်တာရာ ပြစက်များဖြင့် ပြသသည့် ရင်သပ်ရှုမောဖွယ်ရာ အာကာသမြင်ကွင်းများ၊ ရေအောက်ကမ္ဘာ မြင်ကွင်းများက ကိုယ်တိုင် အာကာသအတွင်း ရောက်ရှိသွားသည့်အလား၊ ပင်လယ်ရေနက်ထဲ ရောက်ရှိသွားသည့်အလား စိတ်လှုပ်ရှားဖွယ် ကြည့်ရှုခဲ့ရသည်။

သဘာဝရှုခင်း

ဦးစွာတွေ့ရသည့် ပြကွက်မှာ မြန်မာ့ အလှ သဘာဝရှုခင်းများ ပြကွက်ဖြစ်၏။ မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရ သဘာဝရှုခင်းများ၊ အထိမ်းအမှတ် အဆောက်အအုံများကို ကြည့်ရှုခဲ့ရသည်။

ဒုတိယအစီအစဉ်မှာ အီဂျစ် ဖာရိဘုရင်များနှင့် ကြယ်တာရာ ဆက်စပ်ယုံကြည်မှုဆိုင်ရာ ပြကွက်ကိုလည်း ကြည့်ခဲ့ရသေးသည်။ တစ်ဖန် Universe (အနန္တစကြဝဠာ)ဟု တင်စား ခေါ်ဆိုလောက်ရအောင် နဂါးငွေ့တန်း ကြယ်စုကြီးများ ကုဋေသိန်းသန်းမက တည်ရှိနေပုံကိုလည်း ရင်သပ်ရှုမောစွာ ကြည့်ခဲ့ရသည်။ နောက်ဆုံးပြကွက်မှာ သန္တာကျောက်တန်း ရေအောက်ကမ္ဘာပြကွက် အစီအစဉ် ဖြစ်သည်။ ဤပြကွက်သည် ပင်လယ်သမုဒ္ဒရာများအကြောင်း၊ သန္တာကျောက်တန်းများရှိသည့်အနက် အိန္ဒိယသမုဒ္ဒရာအတွင်းမှ Kaluokahina သန္တာကျောက်တန်းကြီးနှင့် ရေနေသတ္တဝါတို့အကြောင်း ဗဟုသုတဖြစ်ဖွယ်ရာအဖြစ် ကြည့်ရှုခဲ့ရသည်။

ဗဟုသုတ

သို့ဖြစ်ပါ၍ နက္ခတ်တာရာပြခန်း (နေပြည်တော်)ကို နိုင်ငံတော်က ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ အာကာသသိပ္ပံ ဗဟုသုတ ရှာမှီးရာ နေရာတစ်ခု ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နက္ခတ်တာရာပြခန်း (နေပြည်တော်) ရှေ့မျက်နှာစာရှိ ရေတံခွန်၏ အလှပသာဒ....။

နက္ခတ်တာရာပြခန်း (နေပြည်တော်)ကို နိုင်ငံတော်က ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ အာကာသသိပ္ပံ ဗဟုသုတရှာမှီးရာ နေရာတစ်ခု ဖြစ်။

နက္ခတ်တာရာပြခန်း (နေပြည်တော်)၏ အဝင်လမ်းနှင့် ရှမ်းရိုးမတောင်တန်းပြာတို့၏ နောက်ခံအလှ။

ကန်တပ်ဖွဲ့ဝင် ၃၄၀၀၀ အာဖဂန်နစ္စတန်သို့ စေလွှတ်ရေးညှိနှိုင်းဆွေးနွေး

ဝါရှင်တန် နိုဝင်ဘာ ၂၅

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အာဖဂန်နစ္စတန်စစ်ပွဲအတွက် လိုအပ်လျှင် အသုံးပြုသွားနိုင်ရန် လာမည့်နှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၄၀၀၀ခန့်ကို ထပ်မံစေလွှတ်ပေးနိုင်ရန် အပြီးသတ်အစီအစဉ် ရေးဆွဲရေးအတွက် ၎င်း၏ အမျိုးသားလုံခြုံရေးအဖွဲ့နှင့် နိုဝင်ဘာ၂၃ရက် ညနေပိုင်းက တွေ့ဆုံဆွေးနွေးကြောင်း အမေရိကန်အစိုးရအရာရှိများက ပြောကြားသည်။ အချိန်ကြာမြင့်စွာ စဉ်းစားဆုံးဖြတ်ခဲ့ရသည့် ယင်းကိစ္စကို ဒီဇင်ဘာ ၁ရက်တွင် အိုဘားမားက ထုတ်ပြန်ကြေညာမည်ဟု သတင်းရရှိသည်။ (အင်တာနက်)

နိုဝင်ဘာ ၂၂ရက်က အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသည့် ကလေးငယ်အား ဆေးကုသပေးစဉ်။ (အင်တာနက်ဓာတ်ပုံ)

တည်ငြိမ်မှုမရှိသော အီရတ်အခြေအနေ

ကဘူးလ် နိုဝင်ဘာ ၂၅

အောက်ဖော်ပြပါဖြစ်ရပ်များသည် အီရတ်နိုင်ငံတွင် နိုဝင်ဘာ ၂၃ရက်က ဖြစ်ပွားခဲ့သော ဖြစ်ရပ်အခြေအနေများဖြစ်သည်-

ဂါမာ ။ ။ *ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၃၀အကွာရှိ ဂါမာမြို့တွင် အသေခံကားဗုံးဖောက်ခွဲသူက ရဲစစ်ဆေးရေးစခန်းတစ်ခုအနီး အသေခံဗုံး ဖောက်ခွဲရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အရပ်သားခုနစ်ဦး ဒဏ်ရာရရှိသည်။*

ဘဂ္ဂဒက် ။ ။ *ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆိုင်ဒီယာခရိုင်တွင် ရဲမှူးကြီးတစ်ဦး ကားမောင်းလာစဉ် သေနတ်သမားတစ်ဦးက ပစ်ခတ်သဖြင့် ဒဏ်ရာဖြင့် သေဆုံးသွားပြီး ယင်းတိုက်ခိုက်မှုကြောင့် ၎င်း၏သားဖြစ်သူလည်း ဒဏ်ရာရရှိသွားသည်။*

ဘဂ္ဂဒက်မြို့အလယ်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အရပ်သား ခြောက်ဦး ဒဏ်ရာရရှိသည်။

မိုဆူးလ် ။ ။ *ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၃၉၀ အကွာ မိုဆူးလ်မြို့မြောက်ပိုင်းတွင် သေနတ်သမားများက ကျောင်းဆရာတစ်ဦးအား ၎င်း၏အိမ်ရှေ့၌ ပစ်သတ်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။*

မိုဆူးလ်မြို့ အနောက်ပိုင်းတွင် လမ်းဘေးဗုံး တစ်လုံးပေါက်ကွဲသဖြင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တာလီဘန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်

အာဖဂန်ဗုံးပေါက်ကွဲမှု၌ အပြစ်မဲ့ပြည်သူများသေဆုံး

ကဘူးလ် နိုဝင်ဘာ ၂၅

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် နိုဝင်ဘာ ၂၄ ရက်က အဝေးထိန်းစနစ်သုံး ဗုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ ခြောက်ဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဗုံးပေါက်ကွဲမှုမှာ ဖြတ်သန်းသွားသော ရေသယ်ယာဉ်အား ထိမှန်ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း၊ သေဆုံးသူများတွင် ကလေးငယ်လေးဦးပါဝင်ကြောင်း၊ အမျိုးသားတစ်ဦးမှာလည်း ပြင်းထန်စွာထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြင်းထန်

အာဖဂန်နစ္စတန်နိုင်ငံအတွင်း တာလီဘန်များက အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုများမှာ ပိုမိုပြင်းထန်ခဲ့သည်။

သေဆုံး

ယခုသီတင်းပတ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့မှုအပါအဝင် ၂၀၀၉ခုနှစ် နှစ်စမှ ယခုအချိန်အထိ အာဖဂန်၌သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေမှာ ၄၇၀ရှိသွားပြီဖြစ်သည်။ (အင်တာနက်)

ဆေးကုသမှုခံယူ

နိုဝင်ဘာ၂၃ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆေးရုံ၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ ဆေးကုသမှုခံယူလျက်ရှိသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ် အာဖဂန် သတင်းများ

A(H1N1) တုပ်ကွေးရောဂါ မပျံ့နှံ့စေရန် အာဖဂန်အစိုးရ စီမံဆောင်ရွက်လျက်ရှိ

ကဘူးလ် နိုဝင်ဘာ ၂၅

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း A (H1N1) တုပ်ကွေးရောဂါ ပျံ့နှံ့မှုမရှိစေရန် ရက်သတ္တသုံးပတ်ကြာ စာသင်ကျောင်းများ ပိတ်ခဲ့ပြီးနောက် ယခုအခါ အာဖဂန်ကလေးငယ်များသည် နှာခေါင်းစည်းများတပ်ကာ စာသင်ကျောင်းများသို့ ပြန်တက်ကြပြီဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်တာမိုဟာမက်ဘန်က ပြောကြားသည်။

စာသင်ချိန်

ဆောင်းရာသီ ကျောင်းပိတ်ရက် မတိုင်မီအထိ ကျောင်းများကိုဖွင့်၍ စာသင်ပေးမည်ဖြစ်၍ စာသင်ချိန်မှာ ရက်၂၀ခန့်သာ ရှိသည်ဟုလည်း ၎င်းကပြောကြားသည်။

တိုက်တွန်း

ကျောင်းသား ကျောင်းသူများအနေဖြင့် နှာခေါင်းစည်းများစည်းပြီး ကျောင်းတက်ကြရန်နှင့် အနည်းငယ်နာမကျန်းဖြစ်လျှင် ကျောင်းမတက်ဘဲ နေအိမ်၌သာနေကြရန် ကျန်းမာရေးဌာနက မိဘများအား တိုက်တွန်းနှိုးဆော်ထားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

နိုဝင်ဘာ ၂၄ရက်က အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အန်ဘာပြည်နယ်နှင့် ဘဂ္ဂဒက်မြို့၌ ဗုံးဖောက်ခွဲမှု အီရတ်ပြည်သူသုံးဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂၅

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်နှင့် ဘဂ္ဂဒက်မြို့တို့၌ နိုဝင်ဘာ ၂၄ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရှီးယိုက်နှစ်ဦး အပါအဝင် သုံးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

မျက်မြင်တွေ့ရှိ

၎င်းသေဆုံးသူများမှာ ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုရာဒေသ၌ ကားဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ရာမှ ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ထပ်မံသေဆုံး

အလားတူ အန်ဘာပြည်နယ်၌ ကားဗုံးပေါက်ကွဲမှုကြောင့် တတိယမြောက်တစ်ဦး ထပ်မံသေဆုံးသည်။

ယခုနှစ်အတွင်း ယင်းနိုင်ငံ မြို့ကြီးများမှ အမေရိကန်တပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းကာ လုံခြုံရေးတာဝန်ကို အီရတ်တပ်ဖွဲ့များ လွှဲပြောင်းထမ်းဆောင်သော်လည်း အကြမ်းဖက် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူများ သေဆုံးလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန် ဘိန်းပပျောက်ရေး အမေရိကန်ဒေါ်လာ ၃၈ဒသမရသန်းပေးမည်

ဝါရှင်တန် နိုဝင်ဘာ ၂၅

ဘိန်းထုတ်လုပ်မှုလျှော့ချရေး သို့မဟုတ် ဘိန်းပပျောက်ရေး ဆောင်ရွက်နေသော အာဖဂန်နစ္စတန်ပြည်သူများအား ငွေကြေးအကူအညီပေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ကတိပြုလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဘိန်းထုတ်လုပ်မှု သိသိသာသာလျှော့ချနေသော သို့မဟုတ် ဖျက်ဆီးနေသော အာဖဂန်ပြည်နယ် ၂၇ပြည်နယ်အတွက် အမေရိကန်ဒေါ်လာ ၃၈ဒသမ ၇သန်းပေးမည့် နားလည်မှုစာချွန်လွှာကို အမေရိကန်ပြည်ထောင်စုက နိုဝင်ဘာ ၂၃ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

(အင်တာနက်)

ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်တောင်တက်သမား သုံးဦးကိစ္စ အီရန်တရားရေးဌာနက ဆုံးဖြတ်မည်ဟုဆို

တီဟီရန် နိုဝင်ဘာ ၂၅

အီရန်-အီရတ်နယ်စပ်အနီးမှ ယခုနှစ် ဇူလိုင် ၃၁ရက်က ဖမ်းဆီးခဲ့သည့် အမေရိကန်တောင်တက်သမားသုံးဦး၏အမှုကို စီရင်ချက်ချရန်မှာ အီရန်တရားရေးဌာန၏ တာဝန်သာဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်။

အမေရိကန်တောင်တက်သမားသုံးဦးအား အီရန်နိုင်ငံက သူလျှိုမှုဖြင့် နိုဝင်ဘာ ၉ရက်က စွဲချက်တင်ခဲ့သည်။

၎င်းတို့သုံးဦးအားလွှတ်ရန် သို့မဟုတ် အပြစ်ပေးရန်ကိစ္စကို တရားရေးဌာနက ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ သို့သော် သက်သက်ညှာညှာစီရင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဘရာဇီးနိုင်ငံ၌ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က နိုဝင်ဘာ ၂၃ရက်တွင် ပြောကြားလိုက်သည်။ **(အင်တာနက်)**

26-11 (04).pmd 1 11/26/2009, 10:22 AM

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး နိုဝင်ဘာ ၂၅ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၄၂၉ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၂၀၄၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၄၂၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၂၀၄၃ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် နိုဝင်ဘာ ၂၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး နိုဝင်ဘာ ၂၅ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၅၄ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၀၄၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၃၅၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၀၄၂ ဦး

(အင်တာနက်)

အသိမ်းပိုက်ခံနယ်မြေအတွင်း အိမ်များဆောက်လုပ်မှု အစ္စရေးတို့ရပ်တန့်ရန် အီဂျစ်သမ္မတတိုက်တွန်း

ကိုင်ရို နိုဝင်ဘာ ၂၅

အရှေ့ဂျေရုဆလင်အပါအဝင် အသိမ်းပိုက်ခံနယ်မြေများ၌ အစ္စရေးတို့ လူနေအိမ်တည်ဆောက်မှုများရပ်တန့်ကြရန် အီဂျစ်သမ္မတမူဘာရက်က နိုဝင်ဘာ ၂၂ ရက်တွင် တိုက်တွန်းလိုက်သည်။

ပြောကြား

အစ္စရေးတို့အနေဖြင့် အရှေ့ဂျေရုဆလင်အပါအဝင် အသိမ်းပိုက်ခံနယ်မြေများ၌ နေအိမ်များတည်ဆောက်မှုများရပ်ဆိုင်းပြီး စေ့စပ်ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် မိမိတို့ ဦးစွာလိုလားကြောင်း ကိုင်ရိုသို့ အလည်အပတ်ရောက်ရှိနေသည့် အစ္စရေးသမ္မတ ပီရက်စ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အီဂျစ်သမ္မတ မူဘာရက်က တိုက်တွန်းပြောကြားသည်။ (အင်တာနက်)

ကွမ်ကျို့ကားပြပွဲ

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျို့မြို့၌ ကျင်းပသည့် သတ္တမအကြိမ်မြောက် ကွမ်ကျို့ကားပြပွဲကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရန်နှင့်ဂမ်ဘီယာ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

ဘန်ဂျူး နိုဝင်ဘာ ၂၅

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် ဂမ်ဘီယာနိုင်ငံတွင်လည်ပတ်ပြီးနောက် လက်တင်အမေရိကသို့ ခရီးဆက်ကြောင်း၊ ဂမ်ဘီယာနိုင်ငံတွင် အီရန်နှင့်ဂမ်ဘီယာတို့ကြား နောက်ထပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်ရန်ကတိပြုခဲ့ကြောင်း သတင်းရရှိသည်။

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် အာဖရိကနှင့်တောင်အမေရိက ပူးတွဲခရီးကို သွားရောက်ခဲ့ရာ ဂမ်ဘီယာနိုင်ငံသို့ နိုဝင်ဘာ ၂၂ရက်က ပထမဆုံးရောက်ရှိလာခြင်းဖြစ်သည်။ သူသည် ဂမ်ဘီယာသမ္မတ အယ်လ်ဟာဂျီးယားယာဂျမေးနှင့် တွေ့ဆုံပြီး နောက်တစ်နေ့တွင် ဘရာဇီးနိုင်ငံသို့ သွားရောက်ရန် ဂမ်ဘီယာနိုင်ငံ ဘန်ဂျူးမြို့မှ ထွက်ခွာသွားခြင်းဖြစ်သည်။

အီရန်နိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံတို့ စီးပွားရေးနှင့်နိုင်ငံရေးဆက်ဆံမှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း မာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်။

သဘောတူညီ

မိမိသည် ဂမ်ဘီယာသမ္မတနှင့် ဆွေးနွေးပြီးနောက် သဘောတူညီချက် အများအပြား ရရှိခဲ့ကြောင်း ၄င်းက ပြောကြားသည်။ (အင်တာနက်)

ဘရာဇီးနိုင်ငံ မူးယစ်စစ်ဆင်ရေး၌ မူးယစ်ဂိုဏ်းသား ၁၄ ဦးဖမ်းဆီး

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၅

ဘရာဇီးနိုင်ငံမြို့ကြီး ခုနစ်မြို့၌ပြုလုပ်သည့် မူးယစ်စစ်ဆင်ရေးအတွင်း၌ မူးယစ်ဂိုဏ်းအဖွဲ့သား ၁၄ဦးအား ၄င်းတို့မောင်းနှင်လာသည့် မော်တော်ကားအတွင်း မူးယစ်ဆေးဝါးများနှင့်အတူ လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ယင်းမူးယစ်စစ်ဆင်ရေးကို လွန်ခဲ့သည့်ခြောက်လအတွင်းမှစတင်ကာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အာဂျင်တီးနားနှင့် ပါရာဂွေးနယ်စပ်ဒေသများ၌ စတင်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

တရုတ်-အာဖရိက သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း နိုဝင်ဘာ ၂၅

လာမည့်သုံးနှစ်အတွင်း တရုတ်-အာဖရိကနိုင်ငံများ၏ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာဖလှယ်ရေး အစီအစဉ် (စီအေအက်စ်တီအီးပီ) စင်တာကို နိုဝင်ဘာ ၂၄ ရက်၌ တရုတ်သိပ္ပံနှင့် နည်းပညာဝန်ကြီးက ဖွင့်လှစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနား၌ လစ်ဗျား၊ဆူဒန်၊ အီဂျစ်၊ မော်ရိုကိုနှင့် နိုင်ဂါနိုင်ငံတို့မှ သုတေသနလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၀၉၇၃၂ ထည့်ဝင်လှူဒါန်းသည်။

ယခုနှစ်အစောပိုင်းက အီဂျစ်နိုင်ငံ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးများအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အဆိုပါပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို သဘောတူညီခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ စုစည်းရေးသားသည်

ကမ္ဘာပေါ်ရှိ မော်တော်ယာဉ်အားလုံးထက် သင်္ဘော၁၆စင်းကပို၍ လေထုပိုမိုညစ်ညမ်းဟုဆို

ကမ္ဘာပေါ်ရှိ မော်တော်ယာဉ်အားလုံးထက် သင်္ဘော ၁၆ စင်းသည် လေထုညစ်ညမ်းမှုကို ပိုမိုဆိုးရွားစွာ စွန့်ထုတ်ပေးသည်ဟု လေ့လာသိရှိရသည်။ ကမ္ဘာ့အကြီးဆုံး သင်္ဘော (အပေါ်ပုံ)*၁၆စင်းသည် ကမ္ဘာပေါ်ရှိ မော်တော်ယာဉ်အားလုံးထက် ဆာလဖာ ညစ်ညမ်းမှုပို၍ ဖြစ်ပေါ်စေသည်ဟု ဆုရသိပ္ပံ စာရေးဆရာတစ်ဦးဖြစ်သူ ဖရက်ပီယာ့စ်က ပြောကြားသည်။*

လေထုညစ်ညမ်း

သင်္ဘောကြီးများက ထုတ်လွှတ်လိုက်သော အသက်သေစေနိုင်သည့် ဓာတုဗေဒ ပစ္စည်းများကြောင့် လူထောင်ပေါင်းများစွာ သေဆုံးရကြောင်း၊ အဘယ်ကြောင့်ဆိုသော် လေထုညစ်ညမ်းစေသော လောင်စာများကိုသုံးစွဲခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမား လာမည့်နှစ်တွင် အိန္ဒိယသို့ သွားရောက်လည်ပတ်မည်

မိမိသည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ ဖိတ်ကြားချက်အရ လာမည့်နှစ်၌ အိန္ဒိယနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။ သမ္မတအိမ်ဖြူတော်တွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တွေ့ဆုံဆွေးနွေး ပြီးနောက် သမ္မတအိုဘားမားက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

တွန်ဂါ၌ အင်အားပြင်း မြေငလျင်လှုပ်

တွန်ဂါနိုင်ငံတွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ရှိသည့် မြေငလျင်တစ်ခု နိုဝင်ဘာ ၂၅ရက် နံနက်စောစောပိုင်းက လှုပ်သွားကြောင်း၊ ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိကြောင်း သတင်းရရှိသည်။ အဆိုပါငလျင်သည် တွန်ဂါမြို့တော် နူကူအလိုဖာ အရှေ့မြောက်ဘက် ၁၃၅ကီလိုမီတာအကွာ မြေအောက် ၆၁ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်သည်။

အမေရိကန်အိမ်ဈေးနှုန်း အနည်းငယ်တက်လာ

အမေရိကန်နိုင်ငံ မြို့ကြီးများရှိ အိမ်ဈေးနှုန်းသည် စက်တင်ဘာလ၌ အနည်းငယ်တက်လာခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက်ကထုတ်ပြန်သော နေအိမ်ဈေးကွက်စာရင်းဇယားများတွင် လေ့လာတွေ့ရှိရသည်။ စက်တင်ဘာလတွင် အဓိကကျသောမြို့ ၂၀ ၏ အိမ်ဈေးနှုန်း အညွှန်းကိန်းအရ သုညဒသမ ၃ ရာခိုင်နှုန်းအထိ တက်သွားသည်ဟုသိရသည်။

ဂျပန်ပို့ကုန်တိုးပြီး ကုန်သွယ်မှုပိုငွေပြနေ

ဂျပန်နိုင်ငံ၏ ပို့ကုန်ပမာဏသည် အောက်တိုဘာလတွင် ဒုတိယအကြိမ်အဖြစ် ဆက်တိုက်တိုးလာကြောင်း၊ ကုန်သွယ်ရေးပိုငွေသည် ကိုးလဆက်တိုက် ပြလာခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ကြေညာသည်။ ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေသည် အမေရိကန်ဒေါ်လာ ၉ဒသမ ဝ၇ဘီလီယံအထိရှိလာကြောင်း၊ ထိုပိုငွေပမာဏသည် ၂၀၀၈ခုနှစ် မတ်လနောက်ပိုင်းတွင် အကြီးဆုံးပမာဏ ဖြစ်ကြောင်းသိရသည်။

အာဂျင်တီးနားအရှေ့မြောက်ပိုင်း၌ မိုးကြီးပြီးရေလျှံ လူ ၂၅၀၀ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

အာဂျင်တီးနားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလျှံသဖြင့် နိုဝင်ဘာ ၂၄ရက်က လူ၂၅၀၀ကျော်ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရသည်ဟု အရာရှိများက ပြောကြားသည်။ ရေလွှမ်းမှုခံရသည့် ပြည်နယ်သုံးခုအနက် ချာကိုပြည်နယ်တွင် လူ၂၀၀၀ကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းရသဖြင့် အဆိုးရွားဆုံး ရေလွှမ်းသည့် ပြည်နယ်ဖြစ်သည်။

ဖိလစ်ပိုင်၌ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု အလောင်းများကို တူးဖော်ရှာဖွေဆဲ

ဖိလစ်ပိုင်နိုင်ငံ မာဂွင်ဒါနာအိုပြည်နယ် အမ်ပါတွမ်မြို့နယ်တောင်ပိုင်းတွင် နိုင်ငံရေး မျိုးနွယ်စုတစ်စု အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့်နေရာတွင် လူသေအလောင်းများကို နိုဝင်ဘာ ၂၄ ရက်က မြေတူးစက်ဖြင့် တူးဖော်ရှာဖွေနေသည်ကို တွေ့ရသည်။ *(အောက်ပုံ)* ***မာဂွင်ဒါနာအိုပြည်နယ်တွင် လူ ၄၆ ဦးခန့် နိုဝင်ဘာ ၂၃ရက်က အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရပြီးနောက် အရေးပေါ်ကြေညာထားရသည့် နေရာဖြစ်သည်။*** *(အင်တာနက်)*

မကွေးအသင်း ထိပ်ဆုံးနေရာ ပြန်ရောက်ခဲ့ပြီး ဆောက်သမ်းအသင်းကို အရေးနိမ့်ကာ ရတနာပုံတို့ လေးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် နိုဝင်ဘာ ၂၅

MNL အရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက ပဒုမ္မာကွင်းနဲ့ စလင်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ မကွေးအသင်းနဲ့ ဆောက်သမ်းမြန်မာအသင်းတို့ အနိုင်ရရှိသွားပါတယ်။

အကောင်းဆုံး ကစားသမားဆုရ ဇော်မင်းထွန်း(မကွေး) ။

(ပဒုမ္မာကွင်း)

မကွေး - သုံးဂိုး
ဒဲလ်တာယူနိုက်တက် - တစ်ဂိုး

ဖိအားပေး

ရလဒ်ကောင်းတွေ ဆက်တိုက်ရရှိနေတဲ့ မကွေးအသင်းဟာ အခုပွဲမှာလည်း ဒဲလ်တာအသင်းကို အနိုင်ကစားပြီး ဂိုးပြတ်သွင်းယူနိုင်ခဲ့ပါတယ်။ ဒီပွဲအနိုင်ရလဒ်ကြောင့် မကွေးအသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ပါတယ်။ Team Work မိနေတဲ့ မကွေးအသင်းဟာ အခုပွဲမှာလည်း အကောင်းဆုံးပုံစံရခဲ့ပြီး ပွဲစကတည်းက ဒဲလ်တာယူနိုက်တက်ဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။

တိုက်စစ်

မကွေးအသင်းဟာ ပွဲစကတည်းက တိုက်စစ်တွဲလုံးတွေနဲ့ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ဂိုးသွင်းခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် အဆုံးသတ်ဂိုးသွင်းအားနည်းခဲ့လို့ မိနစ် ၃၀ကျော်မှ ဂိုးစရခဲ့ပါတယ်။ မကွေးအသင်းအတွက် အဖွင့်ဂိုးကို ၃၅မိနစ်မှာ နန္ဒလင်းကျော်ချစ် ညာခြမ်းက ကန်ရာမှ ဒဲလ်တာနောက်ခံလူ မျိုးမင်းကိုနဲ့ထိပြီး လမ်းကြောင်းပြောင်းကာ ဂိုးဝင်သွားခဲ့တာဖြစ်ပါတယ်။ ဂိုးရပြီး နောက်ပိုင်းမှာလည်း မကွေးအသင်းသာ ဆက်လက် ဖိကစားနိုင်ခဲ့ပေမယ့် နောက်ထပ်အနိုင်ဂိုးတွေကို ဒုတိယပိုင်းကျမှသာ ရရှိခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာ ဒဲလ်တာယူနိုက်တက် အသင်းကစားပုံပြန်ကောင်းလာပြီးဂိုးသွင်းခွင့်တွေ ပြန်ရခဲ့ပါတယ်။ ဒဲလ်တာ တိုက်စစ်မှူးတွေဖြစ်တဲ့ နေဝင်းနဲ့ မျိုးကျော်အောင်တို့ ရတဲ့ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်ခဲ့ပါဘူး။ မကွေးအသင်းရဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိတဲ့ ဒဲလ်တာနောက်တန်းဟာ ဒုတိယပိုင်းမှာ ဂိုးတွေထပ်ပေးခဲ့ရပါတယ်။ မိနစ် ၇၀မှာ နန္ဒလင်းကျော်ချစ် ဒုတိယဂိုးသွင်းယူပြီး ၈၅မိနစ်မှာ ထွန်းမင်းဦး ခေါင်းတိုက်ချပေးတာမှတစ်ဆင့် ကိုကိုနိုင်က ခေါင်းတိုက်ပြီး တတိယဂိုးတို့ကို သွင်းယူခဲ့ပါတယ်။ ဒဲလ်တာယူနိုက်တက်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ၈၈မိနစ်မှာ မြင့်နိုင်က သွင်းယူပေးခဲ့ပါတယ်။ ပွဲအပြီးမှာအကောင်းဆုံးဆုကို မကွေးအသင်းမှ ဇော်မင်းထွန်းက ရရှိခဲ့ပါတယ်။

မကွေးနှင့် ဒဲလ်တာယူနိုက်တက်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ (မြန်မာ့အလင်း)

(စလင်းကွင်း)

ဆောက်သမ်းမြန်မာ-တစ်ဂိုး
ရတနာပုံ -ဂိုးမရှိ

ဆောက်သမ်းမြန်မာအသင်းဟာ ပွဲပြီးခါနီးမှာ ကိုကိုမောင်သွင်းယူခဲ့တဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ပဲ ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့ပြီး ရတနာပုံအသင်းကတော့ လေးပွဲဆက်အရှုံးနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ အကောင်းဆုံးဆုကို ဆောက်သမ်းက ကိုကိုမောင်က ရရှိခဲ့ပါတယ်။

ယနေ့ပွဲ

(ပဒုမ္မာကွင်း)

ကမ္ဘောဇ-ဥဿာယူနိုက်တက်

(စလင်းကွင်း)

ဇေယျာရွှေမြေ-ရန်ကုန်ယူနိုက်တက်။

(မြန်မာ့အလင်း)

အလိမ္မာစာမှာရှိ

သားပျက်၊ သားလျှော ပြုစုကုသခြင်းဆိုင်ရာ ပြည်နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ပြည်နယ်အဆင့် သားပျက်၊ သားလျှော ပြုစုကုသခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ရက်က မွန်ပြည်နယ် မော်လမြိုင် အထွေထွေ ရောဂါကုဆေးရုံကြီး ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းက အမှာစကားပြောကြားပြီး နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြည်နယ်အဆင့် သားပျက်၊ သားလျှော ပြုစုကုသခြင်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဆွေးနွေးကြသည်။ (ဝဲပုံ)

သင်တန်းပို့ချ

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်ဆရာဝန်ကြီးများနှင့် သားဖွားသူနာပြု ဆရာမများအား သားပျက်၊ သားလျှော ပြုစုကုသခြင်းဆိုင်ရာများကို သင်တန်းပို့ချသည်။

ရေးမြို့နယ်

အလားတူ သားပျက်၊ သားလျှော ပြုစုကုသခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ရေးမြို့နယ်၌ ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး ဒီပဲယင်း၌ ကွင်းဆင်းဆောင်ရွက်

ဒီပဲယင်း နိုဝင်ဘာ ၂၅

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လင်းနှင့် ဓာတ်ပုံကျွမ်းကျင် (၂) ဦးသိန်းထွန်းအောင်တို့သည် အောက်တိုဘာ ၂၈ရက် မွန်းတည့် ၁၂နာရီက သရက်ကျင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နေအိမ်၌ တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နေမှုကို အမြန်ဆုံးပြီးစီးအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် စာကြည့်တိုက်နှင့် ပတ်သက်သောလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဟောပြော ဆွေးနွေးသည်။ ဆက်လက်ပြီး စာကြည့်တိုက်ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဝင်းက စာကြည့်တိုက်ဆောက်လုပ်နေမှုနှင့် စာကြည့်တိုက်အတွက်လိုအပ်ချက်များကို တက်ရောက်လာကြသော ကျေးရွာနေပြည်သူများအား ရှင်းလင်းတင်ပြဆွေးနွေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ ဆက်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ်
(တနင်္ဂနွေနေ့) ၂၉-၁၁-၂၀၀၉ ရက်
၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွက်
၁၃-၁၂-၂၀၀၉ ရက်နှင့် ၂၇-၁၂-၂၀၀၉ ရက်

စစ်တွေ၌ ရေမြောင်းများတူးဖော်

စစ်တွေမြို့ မြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ယာဉ်ယန္တရားများဖြင့် ရေမြောင်းများတူးဖော်လျက်ရှိရာ အောက်တိုဘာ ၂၂ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၂၅

စုပေါင်းသွေးလှူဒါန်းပွဲ လာရောက်လှူဒါန်းနိုင်

ရန်ကုန်မြို့ သိမ်ကြီးဈေး စီရုံ အဆောင်(၄) ပထမထပ်ရှိ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း (ပင်မ)က ဦးစီး၍ စုပေါင်းသွေးလှူဒါန်းပွဲကို ပဋ္ဌမအကြိမ်အဖြစ် နိုဝင်ဘာ ၂၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုသူများသည် ဓမ္မရောင်ခြည် (ပင်မ) ဖုန်း-၃၇၁၈၀၀၊ လိုင်းခွဲ- ၃၆၄နှင့် ၀၉-၈၀-၃၀၁၃၈၊ ၀၉-၅၀-၁၅၄၄၆ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။

စာပေဗိမာန် စာမူဆုရ စာအုပ်ဖြန့်ချိ

၂၀၀၇ခုနှစ် စာပေဗိမာန် စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ ပထမဆုရ မအေးချမ်း (မြန်မာစာ) ရေးသားသည့် မြန်မာ့သဘင်မှု အနုပညာနှင့် အသုံးတွင်စကားများစာအုပ်ကို ဖြန့်ချိထားပြီဖြစ်ရာ စာပေဗိမာန်စာအုပ်ဆိုင်များဖြစ်သော အမှတ် ၈-၁၅ သပြေကုန်းဈေး နေပြည်တော်၊ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့နှင့် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁တို့တွင် ဝယ်ယူနိုင်ပြီး မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူနိုင်သည်။

အထက(၃) ဒဂုံ/မြောက် မြတ်ဆရာပူဇော်ပွဲ

အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၁၉၉၀-၂၀၀၂ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၅၁၆၈၂ နှင့် ၅၈၄၀၆၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

သချာမိသားစု အာစရိယပူဇော်ကြမည်

ရန်ကုန်တက္ကသိုလ် သချာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္လာနေ့)တွင် ဖူဆမ်စားသောက်ဆိုင်၌ နံနက် ၉နာရီတွင် ကျင်းပရန် စီစဉ်ထားရာ ဖုန်း-၀၁-၅၃၆၁၇၆ နှင့် ၀၉-၅၀-၂၀၈၀၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကျွန်းလှအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆဒ္ဒန်လမ်း အောင်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

သုံးခွအထက(၁)နှင့် (၂)မြတ်ဆရာပူဇော်မည်

ရန်ကုန်တိုင်း သုံးခွမြို့ အထက(၁)၊ (၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် အထက(၁)၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်မှလိုက်ပါအပူဇော်ခံကြမည့် ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ရန်ကုန်-သုံးခွကားဂိတ် (အောင်မီဂိတ်)မှ ယင်းနေ့နံနက် ၈နာရီအထိ စောင့်ကြိုပို့ဆောင်ပေးမည်ဟု သိရသည်။

စာပေပညာရှင်များကန်တော့ပွဲ ဖိတ်စာထုတ်ယူနိုင်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲကို ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပမည်ဖြစ်ပြီး သက်ကြီး စာပေပညာရှင်များနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်နိုင်ရန် အလှူရှင်များနှင့် မြို့နယ်ဥက္ကဋ္ဌ အတွင်းရေးမှူးများသည် ဖိတ်စာများကို နိုဝင်ဘာ ၃၀ရက် (တနင်္လာနေ့)မှစ၍ အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်)ရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်သည်။

အထက(၃)အလုံ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲ

အလုံမြို့နယ် အထက(၃) ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပုစွန်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများတွေ့ဆုံပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၂-၁၉၇၈) ဘာသာရပ်ပေါင်းစုံ ကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို နိုဝင်ဘာ ၂၈ရက်(စနေနေ့)ညနေ ၆နာရီခွဲတွင် ဘုရင့်နောင်လမ်း ရေကြောင်းသိပ္ပံကျောင်းရှေ့ ဆင်မလိုက်ရှိ Lion City စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ ။ (မြန်မာ့အလင်း)

စုစည်းတင်ပြသူ - ဝင်းကျော်

26-11 (06).pmd 1 11/26/2009, 12:21 PM

အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံသင်တန်းဆင်းပွဲ
လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုဝင်ဘာ ၂၃ရက် ညနေ ၃နာရီ ၄၅မိနစ်က နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ပေးအပ်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးအဆင့်ရှိ သင်တန်းသား သင်တန်းသူ အရာထမ်း ၂၃ဦးတို့ တက်ရောက်ကြပြီး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်ထံ ပေးအပ်သည်။

(သတင်းစဉ်)

ဆော့ဖ်ဝဲလ်အင်ဂျင်နီယာ ဒီပလိုမာသင်တန်း
သီးသန့်တန်းခွဲသစ် ဒီဇင်ဘာလဆန်း၌ ထပ်မံဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

Myanmar Professionals Education Centre က မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့် CICT Diploma in Software Engineering သင်တန်း၏ စနေ၊ တနင်္ဂနွေ သီးသန့်တန်းခွဲသစ်ကို ဒီဇင်ဘာလဆန်းတွင် ထပ်မံဖွင့်လှစ်မည် ဖြစ်သည်။

ထည့်သွင်းသင်ကြား

စနေ၊ တနင်္ဂနွေ တန်းခွဲကိုသာ တက်ရောက်လိုသူ ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရန်အတွက် ထပ်မံ၍ တန်းခွဲသစ်တစ်ခု ဖွင့်လှစ်ပေးရခြင်းဖြစ်သည်။ Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလမှာ ကိုးလကြာမြင့်မည်ဖြစ်ကာ ယင်းဒီပလိုမာသင်တန်းတွင် ဆော့ဖ်ဝဲလ်အင်ဂျင်နီယာတစ်ဦး ဖြစ်လာစေရန်အတွက် သိသင့်သိထိုက်သော အဓိကဘာသာရပ်ကြီး ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင် အသုံးချ Project တစ်ခု ထည့်သွင်း သင်ကြားပေးသွားမည် ဖြစ်သည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာတွေ့တစ်ခုတည်းသာမက လက်တွေ့ ရေးသားနည်းများကိုပါ ပိုမိုကျွမ်းကျင်စွာ တတ်မြောက်သွားစေမည်ဖြစ်သည်။ သင်တန်းပြီးဆုံးသူများအနေဖြင့် IT Industry တွင် ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသော Software Engineer တစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်၍ ပညာဆက်လက်သင်ကြားလိုသူများအနေဖြင့်လည်း IT နှင့် စပ်လျဉ်းသော Bachelor Degree များကို အချိန်တိုအတွင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ Diploma သင်တန်းကို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားပြီးသူများမှ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ် အချက်အလက်များကို Myanmar Professionals Education Centre (MPEC) အမှတ် ၁၁၂၊ အခန်း ၁၁/၁၂၊ စမိုင်ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

“အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့။”

''Stop AIDS. Keep the Promise.''
''Avoid Stigma & Discrimination; Access to Services for Everyone.''

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ ဆက်သွယ်အသိပေးရေး သင်ကြားလေ့ကျင့်မှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၄ရက်က ပြည်နယ်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မင်းက အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။ (၀၀၃)



မြင်းမူမြို့နယ်
မိုးစပါး အောင်မြင်ဖြစ်ထွန်းမှု ခရိုင်ဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

မြင်းမူ နိုဝင်ဘာ ၂၅

စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်မြင့်သန်း၊ ခရိုင်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ စိုက်ပျိုးရေးမန်နေဂျာ ဦးထွန်းပေါ်မြင့်နှင့် အဖွဲ့သည် အောက်တိုဘာ ၉ရက်က မြင်းမူမြို့နယ် ပျော့ကျေးရွာနှင့် နဘဲကြူးကျေးရွာတို့မှ စိုက်ပျိုးထားသော မိုးစပါး အောင်မြင်ဖြစ်ထွန်းမှုကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့များအား လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြင်းမူမြို့ မြို့ရှောင် လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော တမာပင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ မြင်းမူ၊ လက္ကပင်တာဘောင် အပိုင်း(၁)နှင့် (၂)ရှိ လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသော မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှုများကို စစ်ဆေးခဲ့သည်။

(၀၃၅)

ပန်းခြံအသစ် ဆောင်ရွက်

မိုးညှင်း နိုဝင်ဘာ ၂၅

မိုးညှင်းခရိုင် မိုးညှင်းမြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပန်းခြံအသစ်ဆောင်ရွက်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း နိုဝင်ဘာ ၁၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သန်းထွန်းက ရှင်းလင်း ပြသခဲ့သည်။

(မြို့နယ်စည်ပင်)

(၁၄)ကြိမ်မြောက် ဂျီတီအိုင် ကျောင်းပေါင်းစုံ
အာစရိယပူဇော်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၅

G.T.I ကျောင်းပေါင်းစုံ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၅ရက်က မန္တလေးတောင် မြောက်ဘက် မဟာမဇ္ဈိကာရာမ ရွှေကျင်တိုက်မကြီး၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်း ၁၀၀၀ကျော် တက်ရောက်ကြပြီး သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီး ၂၁၃ဦးတို့အား တစ်ဦးလျှင် ကျပ် ၁၀၁၀၀၀နှင့် အမှတ်တရပစ္စည်းများ ပေးအပ်ပူဇော် ကန်တော့ကြသည်။

အာစရိယပူဇော်ပွဲ အခမ်းအနားကို နံနက် ၉နာရီက စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် အကြီးတန်းအင်ဂျင်နီယာ ဦးအောင်မြင့်က ဆောင်ရွက်ပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရန်ဝင်း (အေဝမ်း-ဆောက်လုပ်ရေးကုမ္ပဏီ)က အဖွင့်အမှာစကား ပြောကြားကာ အပူဇော်ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးအောင်သန်းက ဆုံးမသြဝါဒစကား ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား စစ်ကိုင်းချောင်တောင်ဖီလာဆရာတော် (ဦးကျော်မြင့် ၇၂-MP-မန်း)၊ ဦးကြီးမောင်၊ ဒေါ်စန်းစန်းဝင်းတို့က အမှတ်တရစကားများ ပြောကြားကာ ပူဇော်ပွဲကျင်းပရေးကော်မတီ ဘဏ္ဍာရေးမှူး ဒေါ်တင်မမ (၈၂-C-အင်းစိန်) က ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ (၁၆၂)

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

သက်တန်းအလိုက် ရေကူးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd. တို့ ပူးပေါင်း၍ ၂၀၁၀ခုနှစ် တတိယအကြိမ် Denk Pharma Cup သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်း

ပြိုင်ပွဲတွင် အသက် (၁၄)နှစ်အောက်၊ (၁၂)နှစ်အောက်၊ (၁၀)နှစ်အောက်နှင့် (၈)နှစ်အောက်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားများကို ယမန်နှစ်အတိုင်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ပွဲစဉ်များကို မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဦးဝိစာရ အမျိုးသားရေကူးကန်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ကျိုက္ကဆံ အမှတ် (၅)ဂိတ်နှင့် T.T.O Trading Co., Ltd. ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀-၁၅၈၈၇တွင် ရယူနိုင်ကြောင်းသိရသည်။ ပြိုင်ပွဲဝင်လိုသူများသည် ဒီဇင်ဘာ ၂၇ရက် ညနေ ၅နာရီခွဲ နောက်ဆုံးထား၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် အဖွဲ့ချုပ်လေ့ကျင့်ချိန် နံနက် ၆နာရီခွဲမှ ၈နာရီခွဲ၊ ညနေ ၃နာရီခွဲမှ ၅နာရီခွဲအထိ (သောကြာနေ့အပ) အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်သည့် ဦးသန်းကြိုင်နှင့် ဦးရဲအောင်တို့ထံ စာရင်းပေးသွင်းနိုင်ပြီး ကျိုက္ကဆံအမှတ် (၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌လည်း လာရောက်စာရင်းပေးသွင်းနိုင်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ယင်းသက်တန်းအလိုက် ရေကူးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အသက်(၁၄)နှစ်အောက်အတန်း၌ ၁၉၉၆ခုနှစ် ဇန်နဝါရီ ၅ရက်နောက်ပိုင်းမွေးဖွားသူ၊ အသက်(၁၂)နှစ်အောက်အတန်း၌ ၁၉၉၈ခုနှစ် ဇန်နဝါရီ ၅ရက်နောက်ပိုင်း မွေးဖွားသူ၊ အသက် (၁၀)နှစ်အောက်အတန်း၌ ၂၀၀၀ခုနှစ် ဇန်နဝါရီ ၅ရက် နောက်ပိုင်းမွေးဖွားသူ၊ အသက် (၈)နှစ်အောက်အတန်း၌ ၂၀၀၂ခုနှစ် ဇန်နဝါရီ ၅ရက် နောက်ပိုင်းမွေးဖွားသူများ ယှဉ်ပြိုင်နိုင်ပြီး အသက်စိစစ်နိုင်ရန် မွေးစာရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း (မူရင်း)များ၊ ကျောင်းဝင်အမှတ်၊ ကျောင်းတံဆိပ်မူရင်း၊ ကျောင်း Letter Head နှင့် ကျောင်းအုပ်လက်မှတ်မူရင်းပါသော ကျောင်းထောက်ခံစာများ ယူဆောင်လာရမည်ဖြစ်ပြီး ကစားသမားတစ်ဦးလျှင် အတန်းတစ်တန်း၌သာ ပါဝင်ယှဉ်ပြိုင် ခွင့်ပြုထားသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် ပါဝင်ယှဉ်ပြိုင်ဖူးသူများမှာ စာရွက်စာတမ်းအထောက်အထားများ တင်ပြရန်မလိုဘဲ ပြိုင်ပွဲဝင်ပုံစံများကိုသာ ဖြည့်စွက်ရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

ဆုကြေးများအဖြစ် ပထမဆု ကျပ်လေးသိန်းနှင့်ဆုဖလား၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ စတုတ္ထဆု ကျပ်တစ်သိန်းနှင့် ပဉ္စမဆု ကျပ်ငါးသောင်းတို့ ချီးမြှင့်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း-၀၉-၅၁-၃၄၃၁၀နှင့် ၄၀၀၂၀၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မွန်းလွဲ ၂နာရီတွင် အမျိုးသားရေကူးကန်ရှိ အိုလံပစ်ဟိုတယ်၌ ကျင်းပရန် စီစဉ်ထားသည်။ ***(မြန်မာ့အလင်း)***

အမ်းမြို့နယ် မဲလက်မောင်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံဖွင့်

ရခိုင်ပြည်နယ် အမ်းမြို့နယ် မဲလက်မောင်းကျေးရွာ ငွေစန္ဒာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၅ရက်က အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်မြင့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

စည်းလုံးညီညာ အောင်ကြောင်းဖြာ

ကျော်ရဲမင်း

တပ်မတော်အစိုးရလက်ထက်မှာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့်အတူ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် လိုအပ်မယ့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်း ဆက်စပ်ဖော်ဆောင်ပေးလျက်ရှိပါတယ်။ ဒီလို ကြိုးပမ်း ဆက်စပ်ဖော်ဆောင်ပေးမှုကြောင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်ပြီးမြောက် ခရီးရောက်လာခဲ့ပြီး ယနေ့ နိုင်ငံတော်မှာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လျက်ရှိတာကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်ပါတယ်။

ဒီလို စွမ်းဆောင်အောင်မြင်ခဲ့တဲ့ မှတ်တိုင်များအနက် တပ်မတော်အစိုးရရဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်မှုဟာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ပြည်တွင်းရောင်စုံသောင်းကျန်းမှုတွေ၊ လူမျိုးစု အကြမ်းဖက်ဆူပူသောင်းကျန်းမှုတွေ မှိုလိုပေါက်လာခဲ့တဲ့ အခြေအနေအရပ်ရပ်ကြောင့် ပြည်သူတွေဟာ အစဉ်အဆက် မအေးချမ်းတဲ့၊ မတည်ငြိမ်တဲ့ ကျီးလန့်စာစားဘဝမျိုးကို ခါးစည်းခံရင်း ခါးသီးစွာ ရင်ဆိုင်ဖြတ်သန်းခဲ့ကြရတာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပါတယ်။ အစိုးရအဆက်ဆက်အနေနဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့ အကြိမ်ကြိမ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေမယ့်လည်း ဘယ်လိုမှအောင်မြင်မှုမရနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီလို သမိုင်းပေးအခြေအနေမျိုးမှာ တပ်မတော်အစိုးရအနေနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရရှိဖို့အတွက် ၁၉၈၉ ခုနှစ်လောက်ကတည်းက တွေ့ဆုံဆွေးနွေး အဖြေရှာတဲ့နည်းလမ်းကိုသုံးပြီး အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့နိုင်ပါတယ်။

တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်ကို စတင်တာဝန်ယူချိန်ကစပြီး တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့နဲ့ အဲ့ဒီတိုင်းပြည်မှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ဖို့ဟာ မရှိမဖြစ်လိုအပ်တယ်လို့ ယုံကြည်ခံယူခဲ့ပါတယ်။ အဲဒီလို ယုံကြည်ခံယူတဲ့အတိုင်း ယခုတစ်ကြိမ်မှာ ပြည်တွင်းငြိမ်းချမ်းရေးကို အောင်အောင်မြင်မြင် တည်ဆောက်ဖော်ဆောင်နိုင်အောင် (၁) ယခင်နဲ့မတူတဲ့ မူဝါဒပြောင်းလဲချမှတ်ပြီး ဖြေရှင်းဆောင်ရွက်တဲ့နည်းလမ်း၊ (၂) နိုင်ငံရေးကိစ္စများနှင့်ပတ်သက်ပြီး အမျိုးသားညီလာခံမှာ ညှိနှိုင်းအဖြေရှာတဲ့နည်းလမ်း၊ (၃) ထာဝရငြိမ်းချမ်းရေးအတွက် ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ လိုက်နာဆောင်ရွက်ဖို့ ညှိနှိုင်းသဘောတူတဲ့နည်းလမ်း စတဲ့ နည်းလမ်းသုံးသွယ်ကို အခြေခံပြီး ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်း (၂၀)ကျော်ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဖြစ်ပါတယ်။ ယခုနောက်ဆုံး ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌ စောဘိုမြရဲ့သား ဗိုလ်ကြီး စောနေစိုးမြနဲ့ အဖွဲ့ဟာ ဥပဒေဘောင်အတွင်းကို ထပ်မံဝင်ရောက်ခဲ့ကြပါတယ်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တိုင်းရင်းသားအဖွဲ့များအနေနဲ့ နိုင်ငံရေးအရ လိုအပ်ချက်များအတွက် အမျိုးသားညီလာခံကို တက်ရောက်ပြီး ဖော်ထုတ်တင်ပြခွင့်၊ အပေးအယူ၊ အလျှော့အတင်းများဖြင့် ဒီမိုကရေစီသဘောတရားနဲ့အညီ အများစုကြီးက လက်ခံသဘောတူနိုင်တဲ့ အဖြေရသည်အထိ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခွင့်များ ရရှိခဲ့ကြပြီး ဖြစ်ပါတယ်။

ယခုအချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းရဲ့ တစ်ခဲနက်ထောက်ခံမှုနဲ့ အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီကို အာမခံချက်ပေးနိုင်အောင် မူလသဘောတူထားတဲ့အတိုင်း သိမ်သိမ်မွေ့မွေ့နဲ့ ဆက်လက်ညှိနှိုင်းဖော်ဆောင်လျက်ရှိပါတယ်။ တိုင်းရင်းသားအဖွဲ့များအနေနဲ့လည်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ထာဝရ ငြိမ်းချမ်းရေးအတွက် သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်အောင် လိုလိုလားလား တက်တက်ကြွကြွ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိတာကို တွေ့မြင် ကြားသိနေရပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ပြီးခဲ့တဲ့ နိုဝင်ဘာလ ၈ ရက်နေ့က ကချင်ပြည်နယ် အထူးဒေသ (၁) (NDAK) အဖွဲ့ရဲ့ နယ်ခြားစောင့်တပ်များကို ကချင်ပြည်နယ် ဂန့်ဂွင်း၊ လုပီ၊ စင်ကြိုင်ဒေသတို့မှ စတင်ဖွင့်လှစ် အသွင်ကူးပြောင်းခဲ့ပြီဖြစ်ပါတယ်။ အလားတူ အဲဒီနေ့မှာပဲ ကယားပြည်နယ် အထူးဒေသ (၂) (ကလလတ) အဖွဲ့ရဲ့ နယ်ခြားစောင့်တပ်များကို ကယားပြည်နယ် ပန်တိန်းနှင့် စွပ်ပိုင်ဒေသတွေမှာ စတင်ဖွင့်လှစ် အသွင်ကူးပြောင်းနိုင်ခဲ့ပါတယ်။ အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တဲ့ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့လည်း နယ်ခြားစောင့်တပ် အသွင်ကူးပြောင်းမှုများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို အမွန်အမြတ် အလေးအနက်ထားပြီး ကာကွယ်စောင့်ရှောက်ရတဲ့ နယ်ခြားစောင့်တပ်များအဖြစ် အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့ပါပြီ။ ဒီအောင်မြင်မှုဟာ ငြိမ်းချမ်းရေးတည်ဆောက်မှုမှတစ်ဆင့် တိုးတက်ဖြစ်ထွန်းလာတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး တစ်ရပ်လုံးကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်အောင်၊ ဆက်လက်ကာကွယ်စောင့်ရှောက်ပေးနိုင်အောင် ပူးပေါင်းဆောင်ရွက်လိုက်တဲ့ အားသစ်လောင်းမှုပဲ ဖြစ်ပါတယ်။ တစည်းတလုံးတည်း ဖြစ်တည်ပြီးဖြစ်တဲ့ တပ်မတော်ကြီးအတွင်း တိုင်းရင်းသားအဖွဲ့များအားလုံးပါ ပူးပေါင်းပါဝင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားကြမယ်ဆိုရင် ရေပက်မဝင်တဲ့ လုံခြုံမှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ပိုင်ဆိုင်ရရှိမှာ မလွဲဧကန်ပါပဲ။ အခုလို ကျွန်တော်တို့အားလုံးရဲ့ စည်းလုံးညီညွတ်မှုနဲ့ ပေါင်းစည်းမှုအားကို ဘယ်လိုရန်စွယ် အန္တရာယ်မျိုးကမျှ ဖြိုခွဲနိုင်မှာ မဟုတ်တာ သေချာလှပါတယ်။

တစ်ဖက်ကကြည့်ရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့လည်း တရားဥပဒေဘောင်အတွင်း တပ်မတော်နဲ့လက်တွဲပြီး နိုင်ငံနဲ့ပြည်သူကို ကာကွယ်စောင့်ရှောက်ရတဲ့ တာဝန်ကို ဂုဏ်ယူစွာ ထမ်းရွက်နိုင်ခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။ ယခင်က မိမိတို့ ဒေသလုံခြုံရေး၊ မိမိတို့ တိုင်းရင်းသားများနဲ့ ငြိမ်းချမ်းရေးအဖွဲ့များရဲ့ လုံခြုံရေးအတွက်သာ လက်နက်များကိုင်ဆောင်ခဲ့ကြရာကနေ ယခုအခါ မိမိတို့အဖွဲ့၊ မိမိတို့ဒေသ၊ မိမိတို့တိုင်းရင်းသားများအတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ လုံခြုံရေး၊ တစ်မြေပေါ်အတူဖွားတဲ့ တိုင်းရင်းသားသွေးချင်းအားလုံးရဲ့ လုံခြုံရေး၊ ပြည်ထောင်စုသားအားလုံး ပိုင်ဆိုင်အပ်တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရဲ့ လုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးတို့အတွက်ပါ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် ကာကွယ်စောင့်ရှောက်နိုင်ခွင့်ကို ရရှိခဲ့ကြပြီလို့ ဆိုနိုင်ပါတယ်။

တကယ်တော့ တပ်မတော်ဟာ သမိုင်းအတွေ့အကြုံကြွယ်ဝပြီး သမိုင်းစဉ်တစ်လျှောက်လုံးမှာ ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ကာကွယ် စောင့်ရှောက်မှုပေးခဲ့တဲ့ တစ်ခုတည်းသော အခိုင်မာဆုံး အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့မြေပုံကို ပုံသဏ္ဍာန် မပျက်ယွင်းရအောင် နယ်စွန်နယ်ဖျားဒေသအနှံ့ တပ်ဖြန့်တပ်စွဲတာဝန် ထမ်းဆောင်ရင်း တိုင်းရင်းသားမျိုးနွယ်စုများနဲ့ ရင်းနှီးခင်မင်စွာ မကင်းမကွာ အတူလက်တွဲ နေထိုင်လာခဲ့တာဟာလည်း တပ်မတော်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး လိုအပ်ချက်တွေ၊ လိုအင်ဆန္ဒတွေကို ကောင်းစွာနားလည်သဘောပေါက်ခဲ့ပြီးဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီလို နားလည်သဘောပေါက်တာနဲ့အညီ တိုင်းရင်းသားအဖွဲ့အစည်းများအတွက် ရသင့်ရထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခွင့်အရေးနဲ့ အခွင့်အလမ်းများ ပွင့်လန်းလာအောင်လည်း စနစ်တကျလမ်းဖွင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ယခု ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသွင်ကူးပြောင်းမှုကို ဆောင်ရွက်ရာမှာလည်း အတင်းအကျပ် ဖိအားပေးမှုမပြုဘဲ ထားရှိအပ်တဲ့ ကတိကဝတ်များနှင့်အညီ၊ ဥပဒေသတ်မှတ်ချက်များနှင့်အညီ လိုလိုလားလား ပူးပေါင်းပါဝင်လာအောင်၊ တစ်နည်းအားဖြင့် သားရွှေအိုးထမ်းတဲ့ကိန်းဆိုက်အောင် စည်းရုံးဆောင်ရွက်နေတာကို အားလုံးတွေ့မြင်နိုင်ပါတယ်။ တိုင်းရင်းသား

> **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို အမွန်အမြတ် အလေးအနက်ထားပြီး ကာကွယ်စောင့်ရှောက်ရတဲ့ နယ်ခြားစောင့်တပ်များအဖြစ် အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့၊ ငြိမ်းချမ်းရေးတည်ဆောက်မှုမှတစ်ဆင့် တိုးတက်ဖြစ်ထွန်းလာတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး တစ်ရပ်လုံးကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်အောင်၊ ဆက်လက်ကာကွယ် စောင့်ရှောက်ပေးနိုင်အောင် ပူးပေါင်းဆောင်ရွက်လိုက်တဲ့ အားသစ်လောင်းမှုပဲဖြစ်။**

တိုင်းရင်းသ
သံယောဇဉ်စိ
စဉ်းစားပြီး
ကိုင်ဆောင်ပြီ
လိုတဲ့ တပ်ဖွဲ့
နယ်ခြားစောင့်
နိုင်ရန် ဖွဲ့စည်
သားရွှေအိုးထ
ပါပဲ။ နိုင်ငံနဲ့
ကောင်းတွေ
ထူးခြားတဲ့ သ

**အဖွဲ့များရဲ့အသိုင်းအဝိုင်း သံယောဇ
အခြေခံထားစဉ်းစားပြီး မိမိနယ်
ကိုင်ဆောင်ပြီး ဆက်လက်ကာကွယ်
များကို တပ်မတော်နဲ့ပူးပေါင်းပြီး နယ
တာဝန်ထမ်းဆောင်နိုင်ရန် ဖွဲ့စည်းတာ
ကို သားရွှေအိုးထမ်းလာတာကို မြင်
ပြည်သူအတွက် စစ်မှန်တဲ့ရလဒ်ကေ
ပေးနိုင်မယ့် ထူးခြားတဲ့ သမိုင်းဝင်**

ဒါ့အပြင် တိုင်းရင်းသားလက်န
အလုပ်တာဝန်ထက် ပိုမိုကျယ်ပြန့်ပြီး
ကာကွယ်ရေးတာဝန်ကို ယုံယုံကြည်
နှစ်ဦးနှစ်ဖက်စလုံးအတွက် Win-Wi
လိုက်ခြင်းပဲ ဖြစ်ပါတယ်။ တစ်ဖက်က
လှုပ်ရှားဆောင်ရွက်လိုသူတွေအတွက်
နဲ့အညီ နိုင်ငံရေးပါတီများဖွဲ့စည်း
နိုင်ငံရေးမှာ အသီးသီးပါဝင် ဆောင်ရွ

ပြီးခဲ့တဲ့လများအတွင်း ဖြစ်ပွာ
အထူးဒေသ(၁) ဖြစ်စဉ်များနဲ့ပတ်သက်
တွေက အမျိုးမျိုးသွေးထိုး သွေးခွဲစ
ဆိုခဲ့ ထုတ်လွှင့်ခဲ့ကြပါတယ်။ အမှန်
အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ
လက်နက်ကိုင်အဖွဲ့များရဲ့ အသွင်ကူး
လုံးဝသက်ဆိုင်မှုမရှိပါဘူး။ ကိုးကန့်တ
ခေါင်းဆောင်များအနေနဲ့ သူတို့ ဥပဒေ
မီက ကျင့်သုံးခဲ့တဲ့ အာဏာရှင်သက
(War Lord) စနစ်မျိုးကို မစွန့်လွှ
လက်နက်ခဲယမ်းနဲ့ မူးယစ်ဆေးဝါး
ဆောင်ရွက်ခဲ့ကြတဲ့အတွက် နိုင်ငံတေ
အရေးယူဆောင်ရွက်ခဲ့ရခြင်းသာ ဖြ
ကိုးကန့်ဒေသအတွင်းမှာရော ကိုးကန့
အားလုံးဟာ တည်ငြိမ်အေးချမ်းပြီး ပုံ

တိုင်းရင်းသားအဖွဲ့များရဲ့ အသိုင်းအဝိုင်း သံယောဇဉ်စိတ်ဓာတ်နဲ့ ရိုးသားမှုကို အခြေခံထားစဉ်းစားပြီး မိမိနယ်မြေဒေသကို လက်နက်ကိုင်ဆောင်ပြီး ဆက်လက်ကာကွယ်စောင့်ရှောက်လိုတဲ့ တပ်ဖွဲ့ဝင်များကို တပ်မတော်နဲ့ပူးပေါင်းပြီး နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ဖွဲ့စည်းတာဝန်ပေးအပ်မှုဟာ တကယ့်ကို သားရွှေအိုးထမ်းလာတာကို မြင်တွေ့ခွင့်ရသလိုပါပဲ။ နိုင်ငံနဲ့ ပြည်သူအတွက် စစ်မှန်တဲ့ရလဒ်ကောင်းတွေကို ဆောင်ကြဉ်းပေးနိုင်မယ့် ထူးခြားတဲ့ သမိုင်းဝင်အောင်မြင်မှုပဲဖြစ်။

အဖွဲ့များရဲ့အသိုင်းအဝိုင်း သံယောဇဉ်စိတ်ဓာတ်နဲ့ ရိုးသားမှုကို အခြေခံထားစဉ်းစားပြီး မိမိနယ်မြေဒေသကို လက်နက်ကိုင်ဆောင်ပြီး ဆက်လက်ကာကွယ်စောင့်ရှောက်လိုတဲ့ တပ်ဖွဲ့ဝင်များကို တပ်မတော်နဲ့ပူးပေါင်းပြီး နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ဖွဲ့စည်းတာဝန်ပေးအပ်မှုဟာ တကယ့်ကို သားရွှေအိုးထမ်းလာတာကို မြင်တွေ့ခွင့်ရသလိုပါပဲ။ နိုင်ငံနဲ့ ပြည်သူအတွက် စစ်မှန်တဲ့ရလဒ်ကောင်းတွေကို ဆောင်ကြဉ်းပေးနိုင်မယ့် ထူးခြားတဲ့ သမိုင်းဝင်အောင်မြင်မှုပဲ ဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို လက်ရှိအလုပ်တာဝန်ထက် ပိုမိုကျယ်ပြန့်ပြီး ပိုမိုမြင့်မြတ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ယုံယုံကြည်ကြည် အပ်နှံလိုက်ခြင်းဟာ နှစ်ဦးနှစ်ဖက်စလုံးအတွက် Win-Win Situation ကို ဖော်ဆောင်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးမှာ ပါဝင်လှုပ်ရှားဆောင်ရွက်လိုသူတွေအတွက် ပြဋ္ဌာန်းလာမည့် ဥပဒေများနဲ့အညီ နိုင်ငံရေးပါတီများဖွဲ့စည်းပြီး အနာဂတ် ဒီမိုကရေစီနိုင်ငံရေးမှာ အသီးသီးပါဝင် ဆောင်ရွက်ခွင့်ရကြမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လများအတွင်း ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ ကိုးကန့်အထူးဒေသ(၁) ဖြစ်စဉ်များနဲ့ပတ်သက်ပြီး ဆန့်ကျင်ဘက်မီဒီယာတွေက အမျိုးမျိုးသွေးထိုး သွေးခွဲစကားတွေ အမနာပ ပြောခဲ့ဆိုခဲ့ ထုတ်လွှင့်ခဲ့ကြပါတယ်။ အမှန်တော့ အဲဒီဖြစ်စဉ်များဟာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များနဲ့ လုံးဝသက်ဆိုင်မှုမရှိပါဘူး။ ကိုးကန့်တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များအနေနဲ့ သူတို့ ဥပဒေဘောင်အတွင်း မဝင်ရောက်မီက ကျင့်သုံးခဲ့တဲ့ အာဏာရှင်သက်ဦးဆံပိုင်စနစ်၊ စစ်ဘုရင် (War Lord) စနစ်မျိုးကို မစွန့်လွှတ်နိုင်သေးဘဲ တရားမဝင်လက်နက်ခဲယမ်းနဲ့ မူးယစ်ဆေးဝါးလုပ်ငန်းတွေကို ဥပဒေမဲ့ဆောင်ရွက်ခဲ့ကြတဲ့အတွက် နိုင်ငံတော်အပိုင်းက ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ယခုအချိန်မှာ ကိုးကန့်ဒေသအတွင်းမှာရော ကိုးကန့်တပ်ဖွဲ့ဝင်များအတွင်းမှာပါ အားလုံးဟာ တည်ငြိမ်အေးချမ်းပြီး ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိနေပါပြီ။ ဒါ့အပြင် ကျန်ရှိတဲ့ ကိုးကန့်အထူးဒေသ(၁) အဖွဲ့အနေနဲ့လည်း ယခုအချိန်မှာ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အခြေခံဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

နိုင်ငံတော်အပိုင်းကတော့ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့များအပြင် တောတွင်းမှာကျန်ရှိနေသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအတွက်လည်း ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲဖွင့်ထားလျက်ရှိကြောင်း အထပ်ထပ်အခါခါ ပြောကြားထားတာကို တွေ့ရပါတယ်။ ဒါကြောင့် မဝေးလှတဲ့ တစ်ချိန်ချိန်မှာတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များအားလုံးဟာ ရာနှုန်းပြည့်အောင်မြင်ရမယ်လို့ ပြည်သူတိုင်းက ယုံကြည်မျှော်လင့်လျက် ရှိကြပါတယ်။

ချုပ်ပြီးပြောရရင် ယခုလို တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအနေနဲ့ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ခံယူဝင်ရောက်လာခြင်းဟာ နိုင်ငံတော်သစ်မှာ မရှိမဖြစ် လိုအပ်လျက်ရှိတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု အခွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ကြီးစွာသော အထောက်အပံ့ခွန်အားပဲ ဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်ကြီးအတွင်း တိုင်းရင်းသား တပ်ဖွဲ့ဝင်အားလုံး တစ်သွေးတစ်ရောင်တည်း၊ တညီတညွတ်တည်း၊ တစည်းတလုံးတည်း ပူးပေါင်းပါဝင် လက်တွဲထမ်းဆောင်လာကြခြင်းဟာလည်း အနာဂတ် ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့၊ စည်ပင်ဝပြောဖို့၊ နိုင်ငံတကာနဲ့အညီ ရင်ပေါင်တန်းနိုင်ဖို့အတွက် အလေးနက်ဆုံး၊ အခိုင်မာဆုံးနဲ့ အရေးအကြီးဆုံး အာမခံချက်တစ်ရပ် ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ **“စည်းလုံးညီညာ အောင်ကြောင်းဖြာ”** ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ကျွန်တော်တို့ စည်းလုံးရင်၊ ကျွန်တော်တို့ ညီညွတ်ရင် အနာဂတ်မှာ အောင်မြင်မှုရလဒ်ကောင်းတွေကို၊ အောင်မြင်မှု အသီးအပွင့်တွေကို ကျွန်တော်တို့ကိုယ်တိုင်ပဲ ဆွတ်ခူးပိုင်ဆိုင်ခံစားစံစားနိုင်ကြမှာ ဖြစ်ကြောင်းပါခင်ဗျာ။ ॥

ကွန်ကရစ်ဘလောက်တုံးများ ဈေးကွက်တင်ပို့ရောင်းချနိုင်ရေး

အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်

မန္တလေး နိုဝင်ဘာ ၂၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၆ရက် နံနက် ၈နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် ၆၂လမ်းနှင့် မင်းကြီးရန်နောင်လမ်းဆုံရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ကွန်ကရစ်ဘလောက်တုံး စက်ရုံအတွင်း ကုန်ထုတ်လုပ်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

ကုန်ကြမ်းရရှိမှု

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ကွန်ကရစ်ဘလောက်တုံးစက်ရုံသို့ရောက်ရှိလာရာ လမ်းတံတားဌာန ခေတ္တဌာနမှူးနှင့် စက်ရုံတာဝန်ခံတို့က စက်ရုံအတွက် ကုန်ကြမ်းရရှိမှုနှင့် ကွန်ကရစ်ဘလောက်တုံးစက်ရုံ၏ ကုန်ထုတ်လုပ်နိုင်မှု စွမ်းအားအခြေအနေ၊ ထုတ်လုပ်ပြီးသော ကုန်ချောပစ္စည်းများကို စနစ်တကျသိုလှောင်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထုတ်လုပ်မှု

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကွန်ကရစ်ဘလောက်တုံးစက်ရုံအတွင်း လမ်းခင်းကွန်ကရစ်အုတ်၊ ခြံစည်းရိုးတိုင်၊ လမ်းကာတုံးနှင့် ကွန်ကရစ်မြောင်းဖုံးများ ထုတ်လုပ်နေမှုနှင့် စက်လည်ပတ်မှု စွမ်းအားအခြေအနေ၊ ထုတ်လုပ်ပြီး ကုန်ချောပစ္စည်းများကို အမျိုးအစားအလိုက် စနစ်တကျသိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စက်ရုံမှထုတ်လုပ်သောပစ္စည်းများအား အရည်အသွေး၊ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်သွားရေး၊ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စက်စွမ်းအားမြှင့်တင် ဆောင်ရွက်သွားရေးနှင့် စက်ရုံသုံးကုန်ပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျ ဆောင်ရွက်သွားရေးတို့ကို လမ်းတံတားဌာန ခေတ္တဌာနမှူးနှင့် စက်ရုံတာဝန်ခံတို့အား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(၃၁၃)**

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော လမ်းမီးချောင်း၊ မီးဆိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးသိန်းတန်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးပြည်စိုး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အရှေ့ပိုင်းဒေသများ၌ ညအပူချိန်များကျဆင်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့တွင် ၇ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်စီနှင့် ကသာမြို့တွင် ၉ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

နိုဝင်ဘာ ၂၆ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် ကျဆင်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

* *ကျောဖုံးမှ*

တံတားကြီးကား ဒေသနေ ပြည်သူတို့အတွက် များစွာ ကျေးဇူးရှိလှသည်။ ယခင်က ချောက်မြို့မှ ဆိပ်ဖြူသို့ သတင်းခရီးသည် လက်ခတ်သမ္ဗန်ဖြင့် မကြာခဏ ကူးသန်းခဲ့ဖူးသည်။ ရာသီဥတုမကောင်းပါက ခရီးသွားတို့ အသက်အန္တရာယ် ရှိတတ်သည်။ အချိန်ကုန်၊ ငွေကုန်လူပန်း ဖြစ်ခဲ့ကြရသည်။

ဖွင့်လှစ်ခဲ့

ယခုမူ တံတားအရှည် ၁၂၇၇ဒသမ ၄မီတာရှိပြီး အကျယ် ၈ဒသမ ၅မီတာနှင့် လူသွားလမ်း ၁ဒသမ ၈မီတာပါသည့် သံကူကွန်ကရစ်အမျိုးအစား အနော်ရထာ တံတားကြီးကို နိုင်ငံတော်က တည်ဆောက်ပေးပြီး ၂၀၀၀ပြည့်နှစ် မေ ၄ရက်က ဖွင့်လှစ်ခဲ့ရာ ဒေသနေပြည်သူတို့ စိတ်နှလုံးအေးချမ်းပြီး ဝမ်းသာဂုဏ်ယူဖွယ်ရာ ဖြစ်တော့သည်။ ဧရာဝတီမြစ်ကြီး၏ သဘာဝအလှနှင့် အစုန်အဆန်သွားလာနေကြသည့် လှေ၊ သင်္ဘောအမျိုးမျိုးကို တံတားပေါ်မှ ငေးမောကြည့်ရှုရင်း သတင်းခရီးသည်နည်းတူ သူတို့လည်း ပီတိဖြာခဲ့ရပေလိမ့်မည်။

စာရေးသူ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး မြို့နယ်ဥက္ကဋ္ဌက ရှင်းပြခဲ့သည်မှာ- ''ဆိပ်ဖြူမြို့နယ်ဟာ ပခုက္ကူခရိုင်မှာ ပါဝင်ပြီး ၅၈၈ဒသမ ၁၈၃စတုရန်းမိုင်နှင့် ၃၇၆၄၃၇ဧက ကျယ်ဝန်းပါတယ်။ အိမ်ထောင်စု ၁၇၇၉စုရှိပြီး မြို့ပေါ်လေး ရပ်ကွက်မှာ လူဦးရေ ၈၀၀၀ခန့်နဲ့ ကျေးရွာအုပ်စု ၄၂အုပ်စု၊ ကျေးရွာပေါင်း ၁၃၈ရွာမှာ လူဦးရေ ၁၂၃၀၀၀ကျော် နေထိုင်ကြပါတယ်။ ဆောင်းရာသီမှာ ယောချောင်း၊ ချစ်ချောင်း၊ ဆင်ချောင်း နုန်းတင်မြေနုတွေမှာ ကြက်သွန်နီအများအပြားစိုက်ပျိုးရာ အောင်မြင်ခဲ့ပါတယ်။ မိုးနည်းရေရှားရပ်ဝန်းဒေသဖြစ်ပေမယ့် မိုးစပါး ၂၀၈၃၁ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်''ဟု မြို့နယ်ဥက္ကဋ္ဌက သတင်းခရီးသည်ကို ရှင်းပြသည်။

ဘဝလုံခြုံရေး

ဆိပ်ဖြူမြို့နယ်တွင် မြို့ပေါ်နေထိုင်သူထက် ကျေးလက်နေပြည်သူများက အဆ ၂၀ခန့်ရှိသဖြင့် ကျေးလက်ပြည်သူတို့၏ ဘဝလုံခြုံရေး၊ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေးကို စုစည်းကြိုးပမ်းရင်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခင်ကာလက တောမြို့လေးသာဖြစ်ခဲ့သော ဆိပ်ဖြူမြို့သည် ယခုအခါမြို့ပြအသွင် ကတ္တရာလမ်းများ၊ လူသွားစင်္ကြံများ၊ ကျောက်ချောလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ စက်ရေတွင်းများ၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ၁၀ဘီးကုန်တင်ကားကြီးများနှင့် စည်ကားလှသကဲ့သို့ ကုန်စည်ကူးသန်းရာတွင်လည်း အနော်ရထာတံတားကြီးကိုဖြတ်၍ ရန်ကုန်-မန္တလေးသာမက မြို့နယ်အသီးသီးသို့ ဒေသထွက်ကုန်များ ပို့ဆောင်လျက်ရှိသည်။

စိုက်ပျိုးရေး

၂၀၀၉-၂၀၁၀ ခုနှစ်တွင် မိုးစပါး ၂၂၀၃၁ဧက စိုက်ရန်လျာထားသည့်အနက် ဆည်ရေဖြင့် ၁၇၀၅ဧက၊ မြစ်ရေသွယ်ခြင်းဖြင့် ဧက ၃၀၀၊ ဆည်ငယ်၊ ကန်ငယ်မှ ၅၈၁၅ဧက၊ ရေစုပ်စက်ဖြင့် ၅၆၅ဧက၊ မြေအောက်ရေဖြင့် ၂၀၅ဧက၊ မိုးရေဖြင့် ၁၃၄၄၁ဧက စိုက်ပျိုးမည်ဖြစ်ရာ ယခုအခါ ဧက ၆၂၈၀ကို စိုက်ပျိုးပြီးဖြစ်သည်။

မိုးစပါးသာမက ပူပြင်းခြောက်သွေ့သော အညာမြေတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကာ ရေသွင်းစိုက်ပျိုးနည်းစနစ်ဖြင့် ၂၀၀၉ခုနှစ်တွင် နွေစပါး ၉၄၂ဧက စိုက်ပျိုးသည်။ ဆိပ်ဖြူမြို့နယ်ဒေသတစ်ခုလုံး ဆန်၊ ဆီ ဖူလုံမှုရှိကြောင်း သိရသည်။

ကြက်သွန်နီ

မကွေးတိုင်းတွင် ကြက်သွန်နီအထွက်အများဆုံးမြို့ဟု ဆိပ်ဖြူမြို့ကို သတ်မှတ်ထားပေးရာ ဆိပ်ဖြူမြို့ ယောရောကုမ္ပဏီ ကြက်သွန်နီစိုက်ပျိုးတင်ပို့မှုကို သတင်းခရီးသည် သွားရောက်လေ့လာခဲ့သည်။

ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထိန်ဝင်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးကံကောင်းတို့က အဖွဲ့ဝင် ၃၄ဦးနှင့် ယောရောကုမ္ပဏီကို တည်ထောင်ထားကြောင်း၊ ကျေးရွာအုပ်စု ၁၂အုပ်စုမှ ကြက်သွန်နီစိုက်သည့်ကွင်း ၁၈ကွင်းတွင် ၄၈၅ ဧကစိုက်ပျိုးရာ ၂၀၀၆ ခုနှစ်တွင် ပိဿာချိန် ၂၇၁၃၇၀၃ပိဿာ (၄၃၆၂)တန် ထုတ်လုပ် ရောင်းချနိုင်ပြီး ၂၀၀၈ ခုနှစ်တွင် ပိဿာချိန် ၁၉၄၈၂၁၄ (၃၁၃၂)တန် ထုတ်လုပ် ရောင်းချနိုင်ကြောင်း၊ ၂၀၀၉ ခုနှစ် စိုက်ပျိုးရာသီ၌လည်း ယခင်နှစ် စံချိန်ထက် မလျော့အောင် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ရှင်းပြသည်။

ကြက်သွန်နီများ အဆင့်ခွဲခြားနေမှုကို သွားရောက်လေ့လာခဲ့ပြီး တွေ့ရှိရသမျှမှာ မှတ်သားဖွယ်ရာပင် ဖြစ်တော့သည်။ ဝါးကြမ်းပေါ်တွင် စုပုံထားရာ၌ ကြမ်းအောက်သို့ ကျွံကျလာသည့် ကြက်သွန်အမျိုးအစားကို ကြမ်းကျွံဟုခေါ်ကာ မျိုးကြက်သွန်အဖြစ် သိမ်းဆည်းကြသည်။ အလုံးလတ်ချော(ခ) RCက တစ်မျိုး၊ လက်သန်က တစ်မျိုး၊ လတ်ကြီးက တစ်မျိုး၊ ထူးရှယ်(ခ) ဟိုတယ်သုံးက တစ်မျိုး ငါးမျိုးခွဲကာ ရောင်းချကြောင်း မှတ်သားမိသည်။

ဆိပ်ဖြူမြို့နယ်၌ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကြက်သွန်နီ ၃၇၈၆ဧကစိုက်ပျိုးရာ တစ်ဧက ပိဿာချိန် ၅၀၀၀ကျော်ထွက်ရှိပြီး စုစုပေါင်းပိဿာချိန် ၂၁၉သိန်းကျော်၊ ၂၀၀၆-၂၀၀၇ခုနှစ်၌ ၄၀၅၈ဧကစိုက်ပျိုးရာ ပိဿာချိန် သိန်း ၂၄၀ကျော်၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၅၀၆၅ဧကစိုက်ပျိုးရာ ပိဿာချိန် ၂၉၂သိန်းကျော်နှင့် ၂၀၀၈-၂၀၀၉ခုနှစ်တွင်လည်း ဧက ၅၀၀၀တွင် ပိဿာချိန် ၂၉၂သိန်းထွက်ရှိသဖြင့် ဆိပ်ဖြူမြို့နယ်ရှိ ကြက်သွန်နီစိုက်ပျိုးကြသည့် ရှည်လျားသော ယောချောင်း၊ ချစ်ချောင်း၊ ဆင်ချောင်းနံဘေးရှိ လိပ်ခြံ၊ စခန်းချောင်း၊ အနောက်ကန့်ကွင်း၊ ကဇွန်းမ၊ ငချေး၊ ကော်တုံ စသည့်ကျေးရွာကြီးများ အပါအဝင် ဒေသခံရွာများမှ ဒေသခံများ၏ လူမှုစီးပွား ဘဝ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပေပြီ။

အောင်မြင်ဖြစ်ထွန်း

မိုးစပါး၊ နွေစပါးနှင့် ကြက်သွန်နီသာမက ဝါအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များပါမကျန် စိုက်ပျိုးကြရာ ဒေသခံတောင်သူများ ကြိုးစားသမျှ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အကောင်အထည်ဖော်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန မကွေးတိုင်း ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်မင်းထွန်းတို့က ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်အပေါ် မြို့ပြနှင့် ကျေးလက် ဆက်စပ်အကောင်အထည်ဖော်မှုများကို ရှင်းပြသည်။

ဆိပ်ဖြူမြို့နယ်၏ နှစ်စဉ်မိုးရွာသွန်းမှု မိုးရေချိန်လက်မမှာ ၂၀၀၇ခုနှစ်တွင် ၁၇ ဒသမ ၅၆လက်မ၊ ၂၀၀၈ခုနှစ်တွင် ၁၉ ဒသမ ၇၅လက်မသာရှိခဲ့ရာ မိုးနည်းပါးသော ဒေသဖြစ်သည်။

ပံ့ပိုးပေးနိုင်

''ရွှေကိုမလို ရေကိုသာလိုသည်''ဟု ကြွေးကြော်ခဲ့ကြရသော နိုင်ငံတစ်ဝန်းရှိ ရေရှားပါးသောဒေသများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနနှင့် အလှူရှင်များက စက်ရေတွင်းများ၊ လက်တုံကင်များ၊ မိုးရေလှောင်ကန်များ တူးဖော်ဖြည့်ဆည်းပေးလျက်ရှိရာ ဆိပ်ဖြူမြို့နယ်တွင်လည်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပုဂ္ဂလိကများက ယခုအခါစက်ရေတွင်း ၃၈၇တွင်း၊ လက်တုံကင် ၆၄တွင်း၊ လက်တူးတွင်း ၁၅၈တွင်းနှင့် ကျေးရွာများတွင် အားလုံးသန့်ရှင်းသော သောက်သုံးရေရှိခဲ့ပြီး လက်နှိပ်တုံကင် ၁၁၆၄တွင်း၊ လေးလက်မစက်ရေတွင်း ၁၂၇တွင်း၊ မိုးရေလှောင်ကန် ၄၉ကန်၊ လက်တူးတွင်း ၁၀၅၀ တူးဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ရေအရင်းအမြစ် (ကျေး/ရေ) အသုံးချရေးဦးစီးဌာနမှလည်း တွင်းနက်ပေါင်း ၁၁၀ တူးဖော်ကာ ဒေသခံများအတွက် ပံ့ပိုးပေးနိုင်ခဲ့သည်။

ယခုအခါ သန့်ရှင်းသော သောက်သုံးရေများ ရရှိနေပြီဖြစ်သဖြင့် ဒေသခံများ ပြုံးရွှင်မြူးထူးကာ ''ရေပိုပြီမို့ ရွှေကိုလည်း လိုချင်ပြီ''ဟု ဆိုရမည့်အတိုင်း အေးချမ်းစွာ စီးပွားရှာနိုင်ကြပေသည်။

ပတ္တမြားဈေး

ဒေသခံတို့ စီးပွားရေးပြေလည်သည်နှင့်အမျှ ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးကြီးသည်လည်း ပိတ်ရက်မရှိ ဆိုင်ခန်းပေါင်း၁၈၆ခန်း (ပုံကျမပါ)၊ ဆော၊ ဆင်ဖြူကျွန်း၊ စလင်းမြို့များနှင့် ဆက်သွယ်ကာ ကုန်စည်ကူးလူးရောင်းဝယ်နေသော ဈေးကြီးဖြစ်လာကာ ဒေသထွက်ကုန် အထည်မျိုးစုံတွင် နာမည်ကျော် ယောလုံချည်အဆင်အမျိုးမျိုးနှင့် ဒေသထွက် မီးဖိုချောင်သီးနှံမျိုးစုံကိုလည်း တွေ့ခဲ့ရပြီး စည်ကားလှပေတော့သည်။

ကျေးလက်လမ်း

၁၉၈၈ခုနှစ် နောက်ပိုင်း ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်တွင် ကတ္တရာလမ်း ၁၁၆၁၉ပေ၊ ကျောက်လမ်း ပေ ၃၂၀ဆောင်ရွက်ခဲ့ပြီး ကျေးလက်လမ်းတွင် ကျောက်ချောလမ်း ၃ဖာလုံ၊ ဂဝံ (မြေနီ)လမ်း ၃မိုင် ၆ဖာလုံ၊ မြေလမ်း ၂မိုင် ၁ဖာလုံ ဆောင်ရွက်နိုင်ခဲ့ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်မင်းထွန်း တို့က ရှင်းပြသည်။

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဆိပ်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုင်း ၄၈၀ပါ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းတစ်ခု တည်ဆောက်ပေးပြီး ၂၀၀၉ခုနှစ် မတ် ၁၆ရက်က ဖွင့်လှစ်ခဲ့သည်။ ယခုအခါ ဆိပ်ဖြူမြို့နယ်သည် လက်လှည့်တယ်လီဖုန်းစနစ်မှ အဆင့်မြင့် ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းစနစ်သို့ ပြောင်းလဲတပ်ဆင်နိုင်ပြီး ဖြစ်သည့်အလျောက် ပြည်တွင်း ပြည်ပသို့ အချိန်တိုအတွင်း ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးနှင့် အော်ပရေတာတာဝန်ခံဦးခင်မောင်ညိုတို့က သတင်းခရီးသည်အား ရှင်းပြသည်။

အမျိုးသမီးသက်မွေး

ဆိပ်ဖြူမြို့မှ ဆောမြို့သို့သွားရာလမ်းဆုံရှိ နယ်စပ်ဒေသနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့လည်း သတင်းခရီးသည် ရောက်ရှိ လေ့လာခွင့်ရခဲ့သည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီနှင့် သင်တန်းနည်းပြ ဆရာမများက ကျောင်းအုပ်ကြီးရုံးခန်းတွင် ရှင်းလင်းပြောပြပြီး သင်တန်းခန်းမများသို့ လိုက်လံပြသသည်။ အကျယ် ၃ဒသမ ဧက ၉၀ရှိ ဆိပ်ဖြူမြို့ အမျိုးသမီးသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် လှပသေသပ်သည့် အိပ်ဆောင်တစ်ဆောင်၊ စားရိပ်သာ၊ မီးဖိုချောင်တစ်ဆောင်၊ နည်းပြများနေသည့် အဆောင်တစ်ဆောင်၊ သင်တန်းခန်းမ တစ်ဆောင်၊ စာသင်ဆောင် တစ်ဆောင်တို့ ပါဝင်ဖွဲ့စည်းထားကြောင်း တွေ့ရသည်။

အဆိုပါကျောင်းမှ စာရေးတတ်၊ ဖတ်တတ်သူ အသက် ၁၆နှစ်မှ ၃၅နှစ်အတွင်းရှိ အမျိုးသမီး သင်တန်းသူ၇၀အား အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ ကြိမ်ဝါးလက်မှုသင်တန်း၊ ရွှေချည်ထိုးသင်တန်း၊ မြန်မာ့အစားအစာချက်ပြုတ်သင်တန်း၊ လက်မှုဘာသာရပ်သင်တန်းများကို ပို့ချသင်ကြားလျက်ရှိကြောင်း၊ သင်တန်းမှာ ၁၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်ခန့်အပ်

ဒေသခံတိုင်းရင်းသူများ ဘဝလုံခြုံကာ အသက်မွေးပညာတတ်မြောက်စေရန် စိတ်ကောင်းစေတနာကောင်း စေတနာအရင်းခံဖြင့် နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံကာ မြန်မာပြည်အနှံ့ အမျိုးသမီးသက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်ထားရာ ဆိပ်ဖြူ အမျိုးသမီးသက်မွေးပညာသင်ကျောင်းမှ ၂၆-၁၂-၂၀၀၅ရက်မှ ၂၀၀၉ခုနှစ် ဇွန်လအထိ သင်တန်းသူ ၆၀၇ဦး အောင်မြင်စွာ မွေးထုတ်ပေးခဲ့ပြီး ထူးချွန်သူများကို နည်းပြဆရာမအဖြစ် ပြန်လည် ခန့်အပ်ခဲ့ကြောင်း သတင်းစကား ကြားသိခဲ့ရသည်။

မြို့ပြအသွင်

ဆိပ်ဖြူ တောမြို့လေးကား တပ်မတော်အစိုးရ လက်ထက်တွင် တိုးတက်စည်ပင်လာခဲ့ပေရာ ယခုအခါ ကျက်သရေရှိလှသော အနော်ရထာတံတားကြီး၊ သစ်ဆိမ့်ဆီစက်ရုံ၊ ယောချောင်းတံတား၊ (အရှေ့ကံတွင်းကျေးရွာ) အိမ်တွင်းမှုသင်တန်းကျောင်း၊ အော်တိုတယ်လီဖုန်းအိတ်ချိန်းနှင့် ကတ္တရာလမ်းများဖြင့် တင့်တယ်နေသကဲ့သို့ မကြာမီ ပွင့်ဖြူ၊ ပခုက္ကူ မီးရထားလမ်းမကြီးက ဆိပ်ဖြူမြို့ကို ဖြတ်သန်းသွားတော့မည်ဖြစ်ရာ မြို့ပြအသွင် တရိပ်ရိပ် ဖွံ့ဖြိုးတိုးတက်လာမည်ကို မြင်ယောင်ကြည့်နိုင်ပေပြီ။

လွန်ခဲ့သောနှစ် ၂၀ကျော်က သတင်းခရီးသည် ရောက်ခဲ့ဖူးသော ဆိပ်ဖြူမြို့ကလေးမှာ ယခုအခါ မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရုံမျှမက ဒေသနေ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားအဝဝတွင် ဖွံ့ဖြိုးတိုးတက်စည်ပင်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါကြောင်း သတင်းခရီးတစ်ထောက် မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သောက်သုံးရေ

ကုန်းကျေးရွာနေ ဒေသခံများ စက်ရေတွင်းမှ ပထမဆုံး ထွက်လာသည့် သန့်ရှင်းသော သောက်သုံးရေကို အားပါးတရ ခပ်ယူနေကြစဉ်။

ဓာတ်ပုံမှတ်တမ်း- သတင်းထောက် စဥ္စကူစိုးဝင်း

''မိုးနည်းရပ်ဝန်းဒေသ ဖြစ်ပေမယ့် မိုးစပါး ၂၀၈၃၁ ဧက စိုက်ပျိုးနိုင်ပါတယ်။''

ဦးအောင်နိုင်
ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဆိပ်ဖြူမြို့

ဆိပ်ဖြူမြို့အဝင်ဆိုင်းဘုတ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဤသို့ တည်ဆောက်ထားသည်။

ဓာတ်ပုံမှတ်တမ်း-သတင်းထောက်စဥ္စကူစိုးဝင်း

ဆိပ်ဖြူမြို့ သစ္စာလမ်း ကတ္တရာလမ်းခင်းကျင်းနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ခဲ့စဉ်။ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်စဥ္စကူစိုးဝင်း

မကွေးတိုင်း ဆိပ်ဖြူမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် ကြက်သွန်ခင်းများ....။ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်စဥ္စကူစိုးဝင်း

26-11(10).pmd 1 11/26/2009, 11:38 AM

လီဗာပူးတို့နိုင်သော်လည်း ပြိုင်ပွဲမှထွက်ခဲ့ရ အာဆင်နယ် နောက်တစ်ဆင့်တက်ရန်သေချာပြီ

☆ မြင့်မောင်စိုး ရေးသား၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ☆

လန်ဒန် နိုဝင်ဘာ ၂၅

ချန်ပီယံလိဂ်အုပ်စု ပထမအဆင့်ပြိုင်ပွဲများကို နိုဝင်ဘာ ၂၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(င)မှ လီဗာပူးအသင်းသည် ဒီဘရီစင်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း ဖီအိုရင်တီးနားက လိုင်ယွန်အား အနိုင်ရလိုက်၍ လီဗာပူးတို့ ၁၆သင်းရှုံးထွက်အဆင့် တက်ခွင့်မရဘဲ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

၂၀၀၅ခုနှစ် ဥရောပချန်ပီယံ လီဗာပူးအသင်းသည် ၂၀၀၂- ၂၀၀၃ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ် ၁၆သင်းပြိုင်ပွဲနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

တစ်အုပ်စုတည်း ဖီအိုရင်တီးနားက ထိုနေ့တွင် လိုင်ယွန်ကို ဗားဂတ်စ်၏ တစ်လုံးတည်းသော ပယ်နယ်တီဂိုးဖြင့်အနိုင်ရပြီး နောက်တစ်ဆင့်သို့ တက်လာသည်။ ဖီအိုရင်တီးနားအသင်းသည် အုပ်စုပြိုင်ပွဲ ငါးပွဲကစားပြီး လေးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၁၂မှတ်ရရှိကာ အုပ်စုကို ဦးဆောင်နိုင်ခဲ့သည်။ လီဗာပူးအသင်းမှာ ငါးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ်ခုနစ်မှတ်သာ စုဆောင်းနိုင်ခဲ့သည်။

အာဆင်နယ်အတွက် အဖွင့်ဂိုးကို နာဆရီက ဤသို့ သွင်းယူခဲ့သည်။

အုပ်စု(စ)

ဘာစီလိုနာက အိမ်ကွင်း၌ အင်တာမီလန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ဘာစီလိုနာအတွက်ဂိုးများကို ဂျရတ်ပီကေးနှင့် ပီထရိုတို့ကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းအုပ်စုမှ ရူဘင်ကာဇန်နှင့် ဒိုင်နမိုကိဗ်တို့ပွဲမှာ ဂိုးမရှိသရေဖြစ်သွားခဲ့သည်။

အုပ်စု(ဆ)

ရိုမေးနီးယားကလပ် ယူရီနီယာက အိမ်ကွင်း၌ ဆီဗီလာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်သည်။ ယူရီနီယာတို့ အိမ်ကွင်း၌ ကံကောင်းခြင်းလက်ဆောင်ကို ရလိုက်ခြင်းပင်ဖြစ်သည်။ အကြောင်းမှာ ဆီဗီလာကစားသမား ဒရာဂူတင်နိုဗစ်က ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိခဲ့ခြင်းကြောင့်ဖြစ်သည်။ ယင်းအနိုင်ပွဲကြောင့် ယူရီနီယာတို့ ရမှတ်ရှစ်မှတ်ဖြင့် အုပ်စုဒုတိယနေရာသို့ရောက်ရှိလာသည်။ တစ်အုပ်စုတည်း စတုဂတ်က ရိန်းဂျားစ်ကွင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရမှတ် သုံးမှတ် စုဆောင်းနိုင်ခဲ့သည်။

အုပ်စု(ဇ)

အာဆင်နယ်က အိမ်ကွင်း အီးမရိတ်၌ ဘယ်လ်ဂျီယံကလပ် စတန်းဒတ်လိဂ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ အာဆင်နယ်အတွက် ဂိုးများကို နာဆရီနှင့်ဒီနယ်လ်ဆင်တို့က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ အာဆင်နယ်တို့ ယင်းအနိုင်ပွဲကြောင့် အုပ်စုပထမနေရာမှ ရမှတ် ၁၃မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။ အာဆင်နယ်တို့ ရှုံးထွက် ၁၆သင်းပြိုင်ပွဲသို့လည်း တက်ရောက်ရန် သေချာသွားပြီဖြစ်သည်။ ရှုံးထွက် ၁၆သင်းပြိုင်ပွဲသို့ အာဆင်နယ်တို့ တက်ရောက်နိုင်ခဲ့ခြင်းမှာ ခုနစ်ရာသီဆက်တိုက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

တစ်အုပ်စုတည်း

နယ်သာလန်ကလပ် အယ်လ်ခမာက အိမ်ကွင်း၌ ဂရိကလပ်အိုလံပီယာကို့စ်အသင်းကို လက်ခံကစားခဲ့သည်။ နှစ်သင်းစလုံး သွင်းဂိုး ပေးဂိုးမရှိဘဲ ပွဲသိမ်းခဲ့ရသည်။ သို့သော်လည်း ဂရိကလပ် အိုလံပီယာကို့စ်မှာ အုပ်စုဒုတိယနေရာမှ အခြေအနေကောင်းနေဆဲ ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

ကမ္ဘာ့ဖလားခြေစစ်ပွဲများကြောင့် အာဆင်နယ်အသင်း ထိခိုက်နစ်နာ

လန်ဒန် နိုဝင်ဘာ ၂၅

အာဆင်နယ် ကစားသမားများသည် လာမည့် ၂၀၁၀ကမ္ဘာ့ဖလားအတွက် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေး ယင်းတို့၏ နိုင်ငံကိုယ်စားပြုအသင်းများတွင် ခြေစစ်ပွဲများ ပါဝင်ကစားပေးခဲ့ကြသည်။

သတိပေး

ထိုသို့ကစားပေးခဲ့မှုကြောင့် အာဆင်နယ်၏ အဓိက ကစားသမားအချို့ ထိခိုက်ဒဏ်ရာရခဲ့သဖြင့် အာဆင်နယ်အသင်း၏ ပရီမီယာလိဂ်ပြိုင်ပွဲတွင် ကောင်းစွာမကစားနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ယင်းအတွက် နည်းပြ အာစင်ဝင်းဂါးက သူ၏ကစားသမားများအား ပေးထားသည့်လုပ်ခလစာများကို မေ့မထားသင့်ကြောင်း၊ အာဆင်နယ်ကလပ်တိုးတက်အောင်မြင်ရေးအတွက်သာ လစာများပေးထားခြင်းဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်။ အာဆင်နယ်အသင်းသည် နိုင်ငံစုံအသင်းဖြစ်သည်။ ဗန်ပါစီ၊ အရှာဗင်နှင့် ဝါကော့တို့ ကမ္ဘာ့ဖလားခြေစစ်ပွဲများကြောင့် ထိခိုက်ဒဏ်ရာများ ရရှိထားကြသည်။

(အင်တာနက်)

ပို့စ်မောက်နည်းပြ ရုတ်တရက် နုတ်ထွက်

လန်ဒန် နိုဝင်ဘာ ၂၅

ပို့စ်မောက်အသင်းနည်းပြ ပေါလ်ဟတ်သည် နည်းပြအဖြစ်မှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ၎င်းကလပ်ကကြေညာသည်။

ရုတ်တရက်နုတ်ထွက်

ပရီမီယာလိဂ်ပွဲစဉ် ၁၃အထိကစားခဲ့ပြီး ဖြစ်သော်လည်း ပို့စ်မောက်အသင်းသည် အမှတ်ပေးဇယားအောက်ဆုံး၌ ရှိနေသည်။ ယင်းရလဒ်ကြောင့် နုတ်ထွက်သွားခြင်းဖြစ်ကြောင်း ပို့စ်မောက်အသင်း၏ ကြေညာချက်တွင်ဖော်ပြသည်။ နည်းပြပေါလ်ဟတ် ရုတ်တရက်ထွက်သွားသဖြင့် လက်ထောက်နည်းပြများဖြစ်ကြသည့် ပေါလ်ဂရိုဗက်နှင့်ဝိုယမ်တို့က ယာယီနည်းပြများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချယ်လ်ဆီးနည်းပြဟောင်းဂရန့်ကို ရွေးချယ်ခန့်ထားရန်ရှိသော်လည်း လောလောဆယ် အစ္စရေးအသင်း၏ နည်းပြလုပ်ကိုင်ခွင့် ပါမစ်ကို စောင့်ဆိုင်းနေကြောင်း သိရသည်။

(အင်တာနက်)

တိုက်စစ်မှူးဒါရင်ဘင့် သုံးပတ်ခန့်အနားယူရဖွယ်

လန်ဒန် နိုဝင်ဘာ ၂၅

ဆန်းဒါးလန်းကလပ်၏ ထိပ်တန်းဂိုးသွင်းတိုက်စစ်မှူး ဒါရင်ဘင့် တံကောက်ကြော ထိခိုက်ဒဏ်ရာရထားသဖြင့် သုံးပတ်ခန့် အနားယူရဖွယ်ရှိကြောင်း ၎င်းကလပ်က ပြောကြားသည်။

ကိုးဂိုးသွင်းထား

အင်္ဂလန်တိုက်စစ်မှူး ဒါရင်ဘင့်သည် ပြီးခဲ့သည့်ပရီမီယာလိဂ်ပွဲ အာဆင်နယ်နှင့် ကစားရာတွင် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးသူဖြစ်သည်။ တံကောက်ကြော ထိခိုက်ဒဏ်ရာရထားသော တိုက်စစ်မှူးဒါရင်ဘင့်သည် သုံးပတ်ခန့်အနားယူရလိမ့်မည်ဖြစ်ကြောင်း နည်းပြစတိဘရစ်က ပြောကြားသည်။ ဒါရင်ဘင့်သည် ယခုနှစ် ပရီမီယာလိဂ်တွင် ကိုးဂိုးသွင်းယူပေးထားပြီးဖြစ်သည်။

(အင်တာနက်)

အဲဗာတန်အသင်းခေါင်းဆောင် ဒူးခေါင်းခွဲစိတ်ခံရဖွယ်



လန်ဒန် နိုဝင်ဘာ ၂၅

အဲဗာတန်အသင်းခေါင်းဆောင် ဖီးလ်နဗီးလ်သည် ဒူးခေါင်းဒဏ်ရာပြန်လည်နာကျင်လာသဖြင့် ခွဲစိတ်ကုသခံရဖွယ်ရှိကြောင်း ၎င်းကလပ်က ပြောကြားသည်။

အသက် ၃၂နှစ်ရှိ ဖီးလ်နဗီးလ်သည် စက်တင်ဘာလက ဖူလ်ဟမ်နှင့် ကစားသည့်ပွဲတွင် ဒူးခေါင်းဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လာမည့်ဟူးလ်စီးတီးနှင့်ပွဲတွင် ပြန်လည်ကစားနိုင်မည်ဟုမျှော်လင့်ထားသော်လည်း ဒူးခေါင်းခွဲစိတ်ခံရဖွယ်ရှိခြင်းကြောင့် သီတင်းပတ်အချို့ ပြိုင်ပွဲများနှင့် လွဲချော်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။ အင်္ဂလန်ဘောလုံးသမားဖီးလ်နဗီးလ်သည် ၂၀၀၅ ခုနှစ် နွေရာသီက မန်ယူမှ အဲဗာတန်သို့ ပေါင်သုံးသန်းခွဲဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

တိုက်စစ်မှူး ဘာဘာတော့ဗ် မန်ယူတွင် ပြန်လည်ကစားနိုင်တော့မည်

လန်ဒန် နိုဝင်ဘာ ၂၅

မန်ယူအတွက် အဓိကအားထားရသော တိုက်စစ်မှူး ဘာဘာတော့ဗ်သည် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ လာမည့် ပရီမီယာလိဂ်ပွဲများနှင့် ချန်ပီယံလိဂ်ပွဲများတွင် ပါဝင်ကစားနိုင်တော့မည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။

စတင်ပြုလုပ်နေ

ဘူလ်ဂေးရီးယားလက်ရွေးစင် ဘာဘာတော့ဗ်သည် တူရကီနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်တွင် ဒူးခေါင်းထိခိုက်ဒဏ်ရာကြောင့် ပြိုင်ပွဲများနှင့်လွဲချော်ခဲ့ရသည်။ ယခုအခါ ဘာဘာတော့ဗ်သည် လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

အသက် ၂၈နှစ်ရှိ တိုက်စစ်မှူးဘာဘာတော့ဗ်သည် စပါးတိုက်စစ်မှူးဟောင်းဖြစ်ပြီး တိုက်စစ်မှူး ရွန်နေနှင့်တွဲဖက်ညီသော တိုက်စစ်မှူးဖြစ်သည်။ မန်ယူအတွက် ဂိုးများသွင်းယူနိုင်ရေး အဓိကတိုက်စစ်မှူးအဖြစ် ပါဝင်ကစားမည်ဖြစ်သည်။

(အင်တာနက်)

အာကာကျော်-စုစည်းသည်

အားကစားသတင်း အတိုအထွာ

အာကာဟိန်း - စုစည်းသည်

ဘင်ဖီကာကစားသမား မန်စီးတီးစိတ်ဝင်စား

ဘင်ဖီကာကလပ်မှ အာဂျင်တီးနား တောင်ပံကစားသမား အိန်ဂျယ်ဒီမာရီယာအား မန်စီးတီးက လာမည့်နွေရာသီတွင် ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

ဆားဘီးယားတိုက်စစ်မှူး ဘာမင်ဂမ်မခေါ်တော့

စတန်းဒတ်လိဂ်မှ ဆားဘီးယားတိုက်စစ်မှူး မီလန်ဂျိုဗာနိုဗစ်အား မန်ယူ၊ စပါး၊ ဗီလာတို့က ခေါ်ယူရန် အပြိုင်ကြိုးစားနေ၍ ဘာမင်ဂမ်က ပေါင်လေးသန်းဖြင့် ကမ်းလှမ်းထားမှုကို ပယ်ဖျက်လိုက်သည်။

အေစီမီလန်သို့ ပြောင်းရွှေ့ကစားရေး ဘက်ခမ်း ဒဏ်ရာကြောင့်အခက်တွေ့နေ

အင်္ဂလန်ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် မေဂျာလိဂ်ပြိုင်ပွဲတွင် ထိခိုက်ဒဏ်ရာရခဲ့သဖြင့် နှစ်သစ်ကူး၌ အေစီမီလန်သို့ပြောင်းရွှေ့ရေး အခက်တွေ့နေကြောင်း ၎င်း၏ အေးဂျင့်က ပြောကြားသည်။

ကမ္ဘာ့နံပါတ်တစ် ဖက်ဒဲယား အင်ဒီမာရေးအား အနိုင်ရ

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် လန်ဒန်မြို့၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ချန်ပီယံများ တင်းနစ်ပြိုင်ပွဲတွင် ဗြိတိသျှ တင်းနစ်ကစားသမား အင်ဒီမာရေးအား ၃-၆၊ ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့သည်။

ဥရောပနံပါတ်တစ် ဂေါက်သီးကစားသမားအဖြစ် လီဝက်စ်ဝုဒ် ဒုတိယအကြိမ် ဆက်ခံနိုင်

အင်္ဂလန် ဂေါက်သီးကစားသမား လီဝက်စ်ဝုဒ်သည် ဒူဘိုင်းချန်ပီယံ ဆုဖလားဆွတ်ခူးခဲ့ပြီးနောက် ဥရောပ နံပါတ်တစ် ဂေါက်သီးကစားသမားနေရာကို ဒုတိယအကြိမ် ဆက်ခံနိုင်ခဲ့သည်။

တိုက်စစ်မှူး ကာလ်တန်ကိုးလ်အား ဝက်စ်ဟမ်း ရောင်းချမည်မဟုတ်

ပေါင်သန်း ၂၀တန် တိုက်စစ်မှူးကာလ်တန်ကိုးလ်အား ဇန်နဝါရီလတွင် မန်ယူနှင့် လီဗာပူးတို့က ခေါ်ယူရန်စိတ်ဝင်စားနေကြသော်လည်း ရောင်းချလိမ့်မည်မဟုတ်ကြောင်း ဝက်စ်ဟမ်းနည်းပြ ဇိုလာက ထုတ်ဖော်ပြောကြားလိုက်သည်။

ကွင်းလယ်ကစားသမား ဘာဘယ်လ် လီဗာပူးမှထွက်ခွာမည်ဟုဆို

လီဗာပူးအသင်း၏ ပထမပွဲထွက်စာရင်းတွင် ထည့်မကစားလျှင် ဇန်နဝါရီလ၌ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ရိုင်ယန်ဘာဘယ်လ်က နည်းပြဘင်နီတက်ဇ်အား ပြောကြားလိုက်သည်။

ယူကရိန်းလက်ဝှေ့သမား ဆာလီတာ အမီယာခမ်းကို ထိုးသတ်အနိုင်ယူမည်

လန်ဒန် နိုဝင်ဘာ ၂၅

ဗြိတိသျှလက်ဝှေ့သမား အမီယာခမ်းနှင့် ယူကရိန်းလက်ဝှေ့သမား ဒီမစ်ထရီ ဆာလီတာတို့သည် လာမည့် ဒီဇင်ဘာ ၅ရက်တွင် နယူးကာဆယ်၌ ဒဗလျူဘီအေ ကမ္ဘာ့လိုက်ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

ကြွေးကြော်

ယူကရိန်းလက်ဝှေ့သမား ဆာလီတာက ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အမီယာခမ်းကိုထိုးပြီး ဒဗလျူဘီအေ ချန်ပီယံခါးပတ် ရယူသွားမည်ဖြစ်ကြောင်း ကြွေးကြော်လိုက်သည်။

ရယူခဲ့

ခမ်း၏အားနည်းချက်မှာ မေးစေ့ကို အထိုးခံရသည်နှင့် ရှုံးနိမ့်ခြင်းဖြစ်သည်။ ၎င်းသည် လက်ဝှေ့သမားသက်တမ်းတစ်လျှောက် မေးစေ့ကိုအထိုးခံရ၍ သုံးကြိမ်တိုင်ကြမ်းပြင်သို့ လဲကျခဲ့ဖူးသည်။ လင်မွန်ဂိုမက်ဇ်နှင့် ပရက်စကော့တို့၏ အလဲထိုးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ အမီယာခမ်းသည် ဇူလိုင်လက မန်ချက်စတာ၌ အင်ဒရပ်ကို တယ်နစ်အားထိုးသတ်ပြီး ဒဗလျူဘီအေချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးနှင့် စာကြည့်တိုက်အဆောက်အအုံ အုတ်မြစ်စီမင်္ဂလာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးနှင့် စာကြည့်တိုက်အဆောက်အအုံ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ဝေတိုး(မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များစုပေါင်း၍ ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် အုတ်မြစ်စီပေးကြသည်။ **(အပေါ်ပုံ)** (၁၈၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓမ္မဂီတ
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ပဋိစ္စသမုပ္ပါဒ်သင်တန်းတရား** အောင်စကြာဆရာတော် (အရှင်စန္ဒသိရီ)
၆:၄၅ ထုဆစ်သွန်းပြု အလိုတော်ပြည့်ဆင်းတု
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၈)
၈:၃၀ Sports World (Science of Sports)
၈:၅၅ **မက်မဆုံးတဲ့ ပြက်လုံးများ** (ဦးမြတ်သာ၊ ဦးရန်အောင်၊ ဦးပေါစိန်)
၉:၁၅ ရင်းငြိမ်မှာန္တဲပျော် အာယုဒါန အလှူတော်
၉:၃၀ Fashion Talk (ကျောက်မျက်ရတနာ ဖက်ရှင်)
၁၀:၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မစဉ်းစားနဲ့ချစ်လိုက်**
၁၀:၅၀ စာအုပ်စာပေ လူ့မိတ်ဆွေ (ဒေါက်တာ ဒဂုန်ခင်သဇင်) (အပိုင်း-၂)
၁၁:၁၅ ဒို့တိုင်းဌာနီ ဧရာဝတီ (ပုသိမ်၊မြောင်းမြဆန်စပါး စိုက်ပျိုးရေး လုပ်ငန်းများ)
၁၁:၄၅ ဖန်တီးသူ၏ပညာစွမ်းမှသည်… လှပသော ဘဝများဆီသို့
၁၂:၀၅ Activities in the City (INAX အရောင်းကိုယ်စားလှယ်ကြီးများ ဂုဏ်ပြုပွဲ)
၁၂:၁၅ တေးဂီတအစီအစဉ်
၁၂:၃၀ ဂမုန်းရေလှောင်တမံ
၁၂:၄၀ ရင်းငြိမ်မှာန္တဲပျော် အာယုဒါန အလှူတော်
၁:၀၀ **ပဋိစ္စသမုပ္ပါဒ်သင်တန်းတရား** အောင်စကြာဆရာတော်(အရှင်စန္ဒသိရီ)
၁:၄၅ ထုဆစ်သွန်းပြု အလိုတော်ပြည့်ဆင်းတု
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Chatrium Dream Wedding)
၃:၃၀ Activities in the City (INAX အရောင်းကိုယ်စားလှယ်ကြီးများ ဂုဏ်ပြုပွဲ)
၃:၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ (ဒေါက်တာ ဒဂုန်ခင်သဇင်)(အပိုင်း-၂)
၄:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မစဉ်းစားနဲ့ချစ်လိုက်**
၄:၂၅ ဂီတသရုပ်ပြခန်း (ကောင်းမြတ်-မျှော်လွင့်နေတဲ့တိမ်)
၅:၀၅ စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်း ကင်ဆာ စကားဝိုင်း(ဒေါက်တာ-မေသူမျိုးညွန့်၊ တင်မိုးလွင်၊အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၅:၂၅ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါး စိုက်ပျိုးရေး လုပ်ငန်းများ)
၆:၄၅ ဆန်းသစ်တီထွင် COAT FASHION(အပိုင်း-၄)
၇:၂၀ Fashion Music Festival (Chatrium Dream Wedding)
၈:၀၀ MRTV-4 သတင်း
၈:၃၀ **မက်မဆုံးတဲ့ ပြက်လုံးများ** (ဦးမြတ်သာ၊ ဦးရန်အောင်၊ ဦးပေါစိန်)
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၈)
၁၀:၀၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ စိုင်းထီးဆိုင်(အပိုင်း-၂)
၁၀:၃၀ ရန်ကုန်မြင်ကွင်းကျယ် (POPULAR KID CONTEST)
၁၀:၅၀ ဂီတသရုပ်ပြခန်း (ကောင်းမြတ်-မျှော်လွင့်နေတဲ့တိမ်)
၁၁:၂၅ အောင်ပင်လယ်အရုဏ်ဦး…. ကြာငုံဖူးပွင့်ခဲ့ပြီ
၁၁:၃၅ ရေပျော်ငှက်၏ တောင်ပံခတ်သံ
၁၁:၅၅ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
၁၂:၁၀ **မျှတိမ်ကင်းသောနေ့** အကယ်ဒမီထွန်းထွန်းဝင်း၊မင်းထက်ကျော်ဇင်၊စိုးမိုးကြည်၊ပုလဲဝင်း (ဒါရိုက်တာ-သိန်းဟန်၊ ဖီးနစ်)
၁၂:၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုဝင်ဘာ ၂၄ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့ ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်၊ ပန်းအလှပင်၊ အရိပ်ရပင်များ ပျိုးထောင်ထားမှုနှင့် မြေခင်းအလှ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နေသည့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ရွက်ညိုတောင်-စံပယ်ပင်ရင်းလမ်း ဆောင်ရွက်မှုကို အောက်တိုဘာ၃၁ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးထွန်းဝေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ မြေနှင့်အဆောက်အအုံရရှိရေး ဖန်းမော်၌ ဆွေးနွေး

ဖန်းမော် နိုဝင်ဘာ ၂၅

ဖန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံ ဖြစ်ပေါ်လာရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်၊ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ၁၀ရက်က မအူပင်ကျေးရွာ၊ မံရေးကျေးရွာ၊ ခူးလီကျေးရွာ၊ သာစည် ကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊စာပေဝါသနာရှင်များနှင့်တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်မြေနှင့် ကိုယ်ပိုင်အဆောက်အအုံရရှိရေးတို့ကို ညှိနှိုင်းဆွေးနွေးရာ ကျေးရွာရပ်မိရပ်ဖများက စာကြည့်တိုက်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး ဆောင်ရွက်မည့် နည်းလမ်းနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ရွှေဂူနွန်းအထက ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ

ရွှေဂူနွန်း နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွှေဂူနွန်းအထက၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေဂူနွန်းအထက၌ကျင်းပမည်ဖြစ်ရာ လက်ရှိကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ အသက်ဖြဝနှင့်အထက် ကန်တော့ခံမည့် ဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်မိုးပုလဲစိုး(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၈-၄၅၈၈၈၊ ဒေါ်စောနွဲ့ ဖုန်း-၀၉-၅၁၈၃၁၂၄(ရန်ကုန်)၊ ဦးတင်အေး ဖုန်း-၀၉-၅၀၁၆၆၇၄(ရန်ကုန်)၊ ဒေါက်တာ တင်ဝင်းကျော် ဖုန်း-၀၅၈-၄၇၆၀၀ (ရွှေဂူနွန်း)၊ ဦးဖိုးလုံး-ဒေါ်ကျင်လွမ်း ဖုန်း-၀၅၈-၂၂၀၁၈၊ ၀၉-၈၇၃၀၁၂၅(ရွှေဂူနွန်း)၊ ၀၉-၅၆၆၀၆၁၃ (ဘားအံ)နှင့် ဦးတင်ဖေ-ဒေါ်မြင့်ရီ ဖုန်း-၀၅၈-၂၁၀၆၈ (ရွှေဂူနွန်း) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်လျက်ရှိသည့် မြို့ရေပေးရေးလုပ်ငန်းဖြစ်သော အမှတ် (၇) စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းမှု အခြေအနေကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက် အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



အရွယ်အစားမပြည့် ကျောက်ပုစွန်များ သံဖြူဇရပ် ရေသေ့တောင်ဆိပ်ကမ်း၌ ပြန်လွှတ်

သံဖြူဇရပ် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့သည် ကျောက်ပုစွန်မျိုးများ ပြုန်းတီးမှု ကာကွယ်ရေး၊ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ပို့ကုန်အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရေသေ့တောင်ဆိပ်ကမ်း၌ နိုဝင်ဘာ ၁၀ရက်က အရွယ်အစားမပြည့်မီသော ကျောက်ပုစွန်များ ပြန်လည်လွှတ်ပွဲကို ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်က ဒေသခံကျောက်ပုစွန်ဖမ်းလုပ်သားများအား အသိပညာပေးလက်ကမ်းစာစောင်များပေးအပ်ပြီး ပြည်နယ်ဦးစီးမှူး ဦးစိုးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးလှမင်းဇော်၊ စက်စဲကျေးရွာဥက္ကဋ္ဌ ဦးပါစိန်တို့ထံ ကျောက်ပုစွန်ဝယ်ယူရေးလုပ်ငန်းရှင်များက အရွယ်အစား မပြည့်မီသည့် ပုစွန်များ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက အဆိုပါ အရွယ်အစားမပြည့်မီသည့် ကျောက်ပုစွန်များကို ပင်လယ်ပြင်အတွင်း စုပေါင်း၍ စနစ်တကျ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အထူးကုဆရာဝန်ကြီးများ ကျေးလက်ဒေသများသို့ ကွင်းဆင်းကုသ

တာချီလိတ် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှ အထူးကု ဆရာဝန်ကြီးများ အဖွဲ့သည် တာလေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် တာလေမြို့ရှိ ကျေးလက်နေပြည်သူများအား ကျန်းမာရေး စစ်ဆေးခြင်း၊ ဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို အောက်တိုဘာ၁၁ရက်က တာလေပြည်သူ့ဆေးရုံ(ဝဲပုံ)၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးကျော်လှလမ်းနေ
ဦးရဲမြင့်ဖေ (M.D -Win Pacific Co., Ltd. ACL/PIL)-
ဒေါ်ညိုညို (Director-Win Pacific Co., Ltd.)
တို့၏သားကြီး

အောင်ပြည့်စုံ @ Thargyi

B.Sc (Hons;) Computing & Information System, U.K Post - Grad Diploma in Business Administration MBA. U.K., DML-University of Yangon, General Manager, Win Pacific Co., Ltd. (ACL/PIL)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးညွန့်ရွှေ-ဒေါ်စောရှုတင်တို့၏သမီးထွေး

အိအိထွန်း @ Li Li

B.Sc (Hons;) Computing & Information System (NCC, U.K)
B.A (Economics)

တို့၏ ၂၁-၁၁-၂၀၀၉ရက် (စနေနေ့) ညနေခင်းတွင် Traders Hotel (Myanmar Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲနှင့် ညစာစားပွဲတွင် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့်ဇနီး ဒေါ်ခင်မေလတ်၊ လူကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၏ဇနီး ဒေါ်မာမာဝေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ဆွေဆွေမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော သားငယ်လင်းမြတ်သူရနှင့် သမီးငယ် ယွန်းပွင့်ဖြူ@မိန်မိန်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမေသက်ထွန်း၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် ညီညီမောင် (စမ်းချောင်း)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော Studio 49 အဖွဲ့သားများ၊ ပန်းတမာဓာတ်ပုံအဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Tree တေးဂီတအဖွဲ့နှင့် Traders Hotel-Event Director, Banquet Manager နှင့် ဝန်ထမ်းများ၊ Win Pacific Co., Ltd. ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း၊ ၂၅-၁၀-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာအိမ်ဂေဟာ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး ဦးဝင်းမြင့်၊ အသိသက်သေများဖြစ်ကြသော ကိုစောထွန်း၊ ကိုမောင်မောင်သန့်ဇော်တို့အား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် အောင်ပြည့်စုံ-အိအိထွန်း။

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း

၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲ

ဇော်ဝင်းထွဋ်၊ မျိုးကျော့မြိုင်၊ ဆောင်းဦးလှိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ကောင်းမြတ်၊ ချမ်းအေးဝင်း
J-ME, CYCLONE, Rock Ster, Examplez, No!, အိမ့်ချစ်

အာစရိယပူဇော်ပွဲ	စုံစမ်းရန်		ဂီတဖျော်ဖြေပွဲ
နေရာ- Park Royal Hotel (Grand Ballroom)	ကောင်းဆက်မိုး	ဖုန်း-၀၉-၅၁၅၆၀၅၀	နေရာ- MCC Hall မင်းဓမ္မလမ်း
အချိန်-နံနက် ၉း၀၀- ၁၁း၀၀ နာရီ	ဟန်ထွန်းဇော်	ဖုန်း-၀၉-၅၁၉၁၄၅၀	အချိန်-ညနေ ၄း၀၀- ည ၈း၀၀ နာရီ
နေ့ရက်-၂၈-၁၁-၂၀၀၉ရက် (စနေနေ့)	လင်းလက်တင်သန်း	ဖုန်း-၀၉-၅၀၇၇၀၅၃	နေ့ရက်-၂၈-၁၁-၂၀၀၉ရက် (စနေနေ့)
	ဖြိုးပိုင်ဟိန်းအောင်	ဖုန်း-၀၉-၅၀၆၉၇၇၅	
	အောင်ဇော်ဦး	ဖုန်း-၀၉-၅၁၆၉၃၀၂	
	အောင်သီဟဦး	ဖုန်း-၀၉-၅၀၂၅၈၈၆	
	ရဲချစ်ပိုင်	ဖုန်း-၀၉-၅၁၃၀၃၁၅	

Since 1986 KMD Computer Centre (မြေနီကုန်း)
သင်တန်းအပ်လက်ခံနေပါပြီ။
:: i-Office 2007 :: Introduction to Internet
:: Email & Web Design :: Desktop Publishing
:: Graphic Design :: Practical A+
:: Practical Network :: AutoCAD 2D
:: AutoCAD 3D :: Special Effect
:: Basic Software Engineering
:: Advanced Software Engineering
:: LCCI Computerised Accounting(MYOB)
အမှတ် ၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
ဖုန်း -၅၂၇၄၃၆/၅၃၄၁၇၀/ ၅၀၂၂၃၃
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များသင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

ရေခဲမုန့်၊ ဂျယ်လီ၊ ဝေဖာ၊ အချိုရည်၊ မုန့်ဖုတ်သင်တန်း
ရေခဲမုန့်စက်၊ အအေးခွက်နှင့် ကုန်ကြမ်းများအားလုံး အထူးဈေးနှုန်းဖြင့် တစ်နေရာတည်းရနိုင်ပါသည်။
အလုကန်မျိုးစုံနှင့် ဆပ်ပြာထုတ်လုပ်မှု နည်းပညာသင်တန်း
EAC သင်တန်းစရက်များ (1)30.11.09(2)2.12.09 (3) 4.12.09 ဖော်ဒယ် 28 ငဒါး24
(81)12လမ်း၊လမ်းမတော်၊ရန်ကုန်။ 01-223300,09-5385522 185000

DIGITECH
COMPUTER SALE & SERVICE CENTRE
NO-၁၃၆၊ မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း၊ မဟာဗန္ဓုလနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ 380450
Laser Printer Refill အထူးဈေးနှုန်း
Canon 660, 800, 810,1120,2900,3000,3050 Refill + Service 3500 Kyats
HP 5L, 6L, 1100,Sumsung 1610,1710 Refill + Service 3500 Kyats
Drum လဲလျှင် - 4500 Kyats Blade လဲလျှင် 1000 Kyats
Toner အရည်အသွေးကောင်းမွန်ကြောင်း (100%) အာမခံပါသည်။
HP 1000,1010,1020,1200,1300,1320,1005 Refill + Service 3500 Kyats
Drum လဲလျှင် - 4500 Kyats Blade လဲလျှင် 1000 Kyats
Color Printer External Ink Box
Canon 1880, 1980, (One Ink Box = 1500 Sheets) 18000 Kyats
Epson T 11,TX101,TX 111,TX200,R 230,R 270,R 290,R 310 16000 Kyats

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားလာရေးလုပ်ငန်း
မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၁၁)ညအိပ် (၁၂)ရက် - ဗုဒ္ဓဂယာ + သံဝေဇနီယလေးဌာန (ဖွား+ပွင့်+ဟော+စံ) (၉)သိန်းစရိတ်ငြိမ်း။ (India Air Line)
(၁၇)ညအိပ် (၁၈) ရက် - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (3 Stars Hotel) + (တပ်ချ်မဟာ + ဝင်ကြေး) + ကိုလ်ကတ္တား (Shopping + ဗဟုသုတရစရာနေရာများ) (၁၀)သိန်း (၅)သောင်းစရိတ်ငြိမ်း။ (India Air Line)
နိုဝင်ဘာ (၂၅) ရက်မှ ဒီဇင်ဘာ (၂၅) ရက်အတွင်း စာရင်းပေးသွင်းသူများအား အထူးအစီအစဉ်၊ အထူးဈေးနှုန်း
ထွက်ခွာမည့်နေ့ - (၁၁.၁၂.၀၉)၊ (၂၅.၁၂.၀၉) (၁၈) ရက်ခရီး၊ (၁၄.၁၂.၀၉)၊ (၂၈.၁၂.၀၉) (၁၂) ရက်ခရီး အထက်ပါခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များအား နိုင်ငံကူးလက်မှတ်ရှိပြီးသူ တစ်ဦးလျှင် ကျပ် (၅၀၀၀၀ိ/-)တိတိနှင့် နိုင်ငံကူးလက်မှတ်မရှိသူများကို နိုင်ငံကူးလက်မှတ်ပြုလုပ်ပေး၍ ကျပ် (၃၀၀၀၀ိ/-) တိတိလျှော့ပေးမည်ဖြစ်ပြီး (၁၈) ရက် ခရီးတွင် လိုက်ပါမည့် ခရီးသည် (၃၂) ဦး အား စုစည်း၍ စာရင်းပေးသွင်းပါက (၁) ဦးအခမဲ့ လိုက်ပါခွင့်ပြုပြီး (၁၂) ရက်ခရီးတွင် လိုက်ပါ မည့် ခရီးသည်(၁၆) ဦးအား စုစည်း၍ စာရင်းပေးသွင်းပါက (၁) ဦးအခမဲ့ လိုက်ပါခွင့်ပြုမည်ဖြစ်၍ အမြန်ဆုံးလာရောက် စာရင်းသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။ နိုင်ငံကူးလက်မှတ်မရှိသူများ အနည်းဆုံး (၃၅) ရက် ကြိုတင် ပြုလုပ်ရမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့်နေ့ရက်ကို ရွေးချယ်ပြီး စရန်ငွေ(၁)သိန်း သာပေးသွင်း၍ စာရင်းပေး သွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ (လုံးဝ) မဆုံးရှုံးပါ။
နီလာဘုရားဖူးအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်ကူး အထူးကံစမ်းမဲအစီအစဉ်
(၂၉.၁.၂၀၁၀) ရက်နေ့၌ ထွက်ခွာမည့်ခရီးစဉ်တွင် လိုက်ပါမည့်ဘုရားဖူးများအား **အထူးဆု ဗုဒ္ဓဂယာသို့ (၁) ဦးအခမဲ့** လိုက်ပါခွင့်၊ **လေယာဉ်လက်မှတ် (၃) စောင်နှင့် အခြားဆုမဲပေါင်းများစွာ**ကို ကံစမ်းပေးဦးမည်ဖြစ်ကြောင်းကို ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။
ထွက်ခွာမည့်နေ့ = နိုဝင်ဘာလတွင် (၃၀) ရက်။/ဒီဇင်ဘာလတွင် (၄၊ ၁၁၊ ၁၄၊ ၁၈၊ ၂၅၊ ၂၈) ရက်။
ဇန်နဝါရီလတွင် (၈၊ ၁၁၊ ၁၅၊ ၂၂၊ ၂၅၊ ၂၉) ရက်။/ဖေဖော်ဝါရီလတွင် (၅၊ ၈၊ ၁၂၊ ၁၉၊ ၂၂၊ ၂၆) ရက်။
မတ်လတွင် (၅၊ ၈၊ ၁၂၊ ၁၉၊ ၂၂၊ ၂၆) ရက်။/ဧပြီလတွင် (၂၊ ၅၊ ၉၊ ၁၆၊ ၁၉၊ ၂၃၊ ၃၀) ရက်။
အမှတ် (၃၁၅)၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၃၈၄၀၆၆၊ ၃၈၄၃၆၆၊ ၀၉-၉၉၇၃၃၉၅၊ ၀၉-၈၆၁၂၀၀၃၊ ၀၉-၈၆၁၀၄၅၆

ဖြိုး ဖုန်း 201446 293159 095160048
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
www.myanmariseller.com/hein.html

၂၇. ၁၁. ၂၀၀၉ ရက်မှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသည့်ဇာတ်ကားများ		
သမ္မတ ဖုန်း-၂၄၆၉၆၂ ၊ ၂၄၆၉၆၃	မာမီရှိန်း	ရန်အောင်၊ နေတိုး။ အိန္ဒြာကျော်ဇင်၊ နန်းဆုရတီစိုး။ သင်ဇာဝင့်ကျော်၊ မော့်စ်၊ မိုးဒီ၊ ဗေလုဝ၊ ခင်လှိုင်
သွင် ဖုန်း-၃၇၂၅၉၄ ၊ ၇၂၂၅၈၂	မာမီရှိန်း	ရန်အောင်၊ နေတိုး။ အိန္ဒြာကျော်ဇင်၊ နန်းဆုရတီစိုး။ သင်ဇာဝင့်ကျော်၊ မော့်စ်၊ မိုးဒီ၊ ဗေလုဝ၊ ခင်လှိုင်
မင်္ဂလာ ဖုန်း-၂၄၃၀၅၇ ၊ ၂၄၃၀၅၈	မာမီရှိန်း	ရန်အောင်၊ နေတိုး။ အိန္ဒြာကျော်ဇင်၊ နန်းဆုရတီစိုး။ သင်ဇာဝင့်ကျော်၊ မော့်စ်၊ မိုးဒီ၊ ဗေလုဝ၊ ခင်လှိုင်
နေပြည်တော် ဖုန်း-၂၅၁၂၇၇ ၊ ၂၅၁၂၈၈	2012	John Cusack , Amanda Peet Thandie Newton , Danny Glover
ရွှေဆောင် ဖုန်း-၂၅၂၁၁၃ ၊ ၃၈၈၀၃၄	သူငယ်ချင်းယောက္ခမ	ကျော်ရဲအောင်၊ လွင်မိုး၊ စိုးမြတ်သူဇာ၊ မိုးဟေကို
ပွဲချိန်သတိ (နေ့စဉ်) ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ		

အမြန်ရောင်းမည်
စူပါဆလွန်း ၈၈၊ 'အ'နံပါတ် ပိုင်ရှင် ကိုယ်တိုင်။
ဖုန်း-၀၉-၈၅၁၀၄၀၀၊ ၅၄၆၇၃၇။

အမြန်ရောင်းရန်ရှိသည်
(၂၇×၅၅)ပေ မြေညီထပ် အောင်သပြေလမ်း ယုဇနပလာဇာ အနောက်။ **ဖုန်း-၀၁-၂၀၀၃၈၉၊ ၀၉-၅၀၈၈၉၄၉။**

သမားတော်ကြီးဦးရဲမြင့်၏
ရွှေသမင်
အမှတ်တံဆိပ်
ကျိုးပေါင်းရောဂါ အထူးအုံဆေး (ကြပ်ထုပ်ဆေး)
လည်ပင်း ကျိုးပေါင်းတက်ခြင်း၊ ခေါင်းအုံခေါင်းကိုက်ခြင်း၊ ခါးဆစ်ရိုးကျိုးပေါင်းတက်ခြင်း၊ ဒူးဆစ် ကျိုးပေါင်းတက်ခြင်း၊ နာတာရှည် ခါးကိုက်ခြင်း၊ အိပ်ရာထက်တွင် ဝေဒနာခံစားနေရသော ကျိုးပေါင်းရောဂါဝေဒနာရှင်များအတွက် အားထားဖွယ် ဤအထူးအုံဆေးကို ထပ်မံထုတ်လုပ်လိုက်ပါသည်။ ပြင်းထန်စွာ ဖြစ်ပေါ်ခံစားနေရသော ဝေဒနာရှင်များကို ၎င်းအုံဆေးကြပ်ထုပ်ထိုးပေးခြင်းဖြင့် ပျောက်ကင်းသက်သာစေပါသည်။
ကျိုးပေါင်းဆိုလျှင် . . . ရွှေသမင်
ထုတ်လုပ်မှုလိုင်စင်အမှတ် - ၆/၂၀၀၇၊ တဆထလ/တိုး (၀၈၇၄)
1510 YR005383
0109YR06467
အမှတ် (၂)၊ ကန်သာယာလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၆၄၆၃၆၊ ၆၆၂၀၇၂၊ ၆၆၃၅၇၂၊ ၇၆၊ ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း။

မြို့ရွာတစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်

သိန်းနီမြို့နွယ်နီလမ်း ကတ္တရာခင်း

သိန်းနီ နိုဝင်ဘာ ၂၅

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နွယ်နီလမ်း ကတ္တရာခင်းခြင်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၂ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်စောနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့က လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

(မြို့နယ် ပြန်/ဆက်)

ငွေသော်တာဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဦးရန်နိုင်သည် နိုဝင်ဘာ ၂၀ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၇၌ ၁၄၃ ကိုက်အကွာမှ XX10(55) ဘောလုံးကို Homma(7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်က ကစားဖော်များဖြစ်ကြသော ဦးထွန်းရီ၊ ဦးဗိုလ်ဝမ်း၊ ဦးကိုကိုအောင်နှင့် ဦးအောင်ကျော်လွင်တို့ အတူကစားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မလှိုင်မြို့နယ် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မလှိုင် နိုဝင်ဘာ ၂၁

မလှိုင်မြို့နယ် ဝါးခွကျေးရွာအုပ်စု ညောင်ပင်ကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ပက်ဖြန်း

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အလှူရှင် ဦးဘသီ-ဒေါ်ဖွားမှန် မိသားစုတို့ကိုယ်စား ဦးသိုက်စိုးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)**ကမ္ပည်းကျောက်စာကို မြို့နယ်ဥက္ကဋ္ဌနှင့် အလှူရှင်တို့က အမွှေးနံ့သာရည်များ ပက်ဖြန်းပေးကြသည်။

ရှင်းလင်း

ဆက်လက်၍ ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်မိသားစုဝင် ဦးသိုက်စိုးက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိထံ ပေးအပ်သည်။

လှူဒါန်း

ယင်းနောက် ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီက သုတရသ ဂျာနယ်မျိုးစုံ ၅၀ ကို စာကြည့်တိုက်ကော်မတီထံသို့လည်းကောင်း၊ အလှူရှင် ဦးဘသီ-ဒေါ်ဖွားမှန်နှင့် သားသမီး၊ မြေးတစ်စုတို့က စာကြည့်တိုက်အတွက် သုတရသစာအုပ်မျိုးစုံ ၁၅၀၀ကိုလည်းကောင်း မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဂွမြို့နယ် လောင်းကျိုးကျေးရွာ အလင်းတံခါးစာကြည့်တိုက် အဆောက်အအုံဖွင့်

ဂွ နိုဝင်ဘာ ၂၂

သံတွဲခရိုင် ဂွမြို့နယ် လောင်းကျိုးကျေးရွာ အလင်းတံခါးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက်၉နာရီခွဲက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ ဂွမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် လောင်းကျိုးကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

အခမ်းအနားတွင် လောင်းကျိုးကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ပတ်သက်သည့် အကြောင်းအရာများ ဆွေးနွေးပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က ခိုင်မာပြီး စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်အသစ် တိုးပွားရရှိရေး၊ ရရှိပြီး စာအုပ်စာစောင်များ စာငှားကတ်စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်ရေးနှင့် ငွေပဒေသာပင် စိုက်ထူနိုင်ရေးတို့ကို ဆွေးနွေးကြသည်။
(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မိုင်းအင်- မိုင်းလီ ကျေးလက်ကျောက်ချောလမ်းခင်းရန် ဆောင်ရွက်ထားမှုအခြေအနေကို နိုဝင်ဘာ ၁၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့၌ စာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင် အမြန်ဆုံးဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

ဖလမ်း နိုဝင်ဘာ ၂၀

ဖလမ်းမြို့ တလန်လိုရပ်ကွက် လုံပီး/လုံရန်းကွက်စိပ် ဦးဥတ္တမသာရ စာကြည့်တိုက် ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမန်းစိန်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရွှန်အဲင်းလျန်တို့က ပန္နက်စိုက်ထူပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ခွင့်ပြုငွေဖြင့် စာကြည့်တိုက် အမြန်ဆုံးအကောင်အထည်ဖော်ဆောက်လုပ်နိုင်ရေးနှင့် ဆောက်လုပ်မှုအခြေအနေများ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ တပ်ရင်း၊ တပ်ဖွဲ့၊ တိုက်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို အောက်တိုဘာ ၁၈ရက်က မြို့နယ် အားကစားကွင်း၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော လောင်းချောင်းတိုက်နယ်အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ညောင်ဦးမြို့၌ ရေပိုက်သွယ်တန်း

ညောင်ဦး နိုဝင်ဘာ ၂၃

ညောင်ဦးမြို့ အနော်ရထာလမ်း စိမ်းလန်းစိုပြည်ရေးအတွက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ခြောက်မိုင်ဆောင်ရွက်ပြီးစီးမှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးတို့က ကြီးကြပ်ကြသည်။ **(မြို့နယ်စည်ပင်)**

မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကောလင်း၌ ကျင်းပ

ကောလင်း နိုဝင်ဘာ ၁၉

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပညာရေးဌာနတို့ ပူးပေါင်း၍ လမြတ်တန်ဆောင် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁ရက်က ကောလင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်၊ မြို့နယ် ပညာရေးမှူး ဦးသန်းအောင်နှင့် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါ လမြတ်တန်ဆောင် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မူလတန်းကျောင်းသား ကျောင်းသူ ၃၃ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ရသူများနှင့် နှစ်သိမ့်ဆုရသူ ၃၀ တို့အား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ (၀၇၂)

လင်းခေး၌ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

လင်းခေး နိုဝင်ဘာ ၁၉

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော အခြေခံပညာအထက်တန်းကျောင်း မြို့နယ်အဆင့် ဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ၁နာရီက အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် စွမ်းရည်ပြိုင်ပွဲတွင် ဆုရ အထက်တန်းအဆင့် မြန်မာစာတွင် ကျောင်းသူ နန်းဇာနည်ထွန်းကလည်းကောင်း၊ အင်္ဂလိပ်စာတွင် ကျောင်းသား စိုင်းမွမ်းဆိုင်ကလည်းကောင်း၊ အလယ်တန်းအဆင့် အထူးဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

မန္တလေး၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

မန္တလေး နိုဝင်ဘာ ၂၀

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၇ရက် နံနက်က ရပ်ကွက်ရုံး၌ ကျင်းပသည်။

ပြန်လည်ဖြေကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်မြစန္ဒာက အမှာစကားပြောကြားပြီး မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့ ဒုရဲမှူး ဝင်းကြည်က**(အပေါ်ပုံ)** ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဆောင်ရန် ရှောင်ရန် အကြောင်းကိုလည်းကောင်း၊ မြို့နယ်တွဲဖက်တရားသူကြီး ဦးလွန်းဘော်က ဥပဒေရေးရာအကြောင်း သိကောင်းစရာများနှင့် အမှတ်(၄) စခန်းမှူး ရဲအုပ်စည်သူက မူခင်းကျဆင်းရေးနှင့် ပတ်သက်၍ ပညာပေးဟောပြောကြပြီး တက်ရောက်လာသူများ၏ မရှင်းလင်းသော အချက်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ (၀၉၀)

ဒီပဲယင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စိုင်ပြင်ဈေးကြီးအတွင်း ဈေးဆိုင်များ၌ ဆိုးဆေးငါးပိရောင်းချခြင်းရှိမရှိကို အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် ကျန်းမာရေးဌာန ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နွေစပါးတိုးချဲ့စိုက်ပျိုးရေး ရေနုတ်မြောင်းတူးဖော်

ရွှေကူ နိုဝင်ဘာ ၂၀

ရွှေကူမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု ရွှေကူလေးကျေးရွာရှိ နောင်ကုတ်အင်းနှင့် နောင်အက်အင်းတို့တွင် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရွှေဘုံသာကျေးရွာနှင့် ရွှေကူလေးကျေးရွာ ပြည်သူများစုပေါင်း၍ ရေနုတ်မြောင်းတူးဖော်နေမှုကို နိုဝင်ဘာ ၈ ရက်က မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးချစ်လွင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်စိန်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (၁၇၉)

ရခိုင်ပြည်နယ် ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ (၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်

သံတွဲ နိုဝင်ဘာ ၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ(တောင်ပိုင်းဇုန်) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် ညနေ ၃ နာရီက သံတွဲမြို့ ဒွါရာဝတီ အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ(တောင်ပိုင်းဇုန်)ကို ဖွင့်လှစ်ပေးသည်။

အနိုင်ရ

ထို့နောက် ပထမနေ့ပြိုင်ပွဲအဖြစ် သံတွဲမြို့နယ်အသင်းနှင့် ဂွမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သံတွဲမြို့နယ်အသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် ဂွမြို့နယ်အသင်းကို အနိုင်ရရှိသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် သံတွဲမြို့နယ်အသင်း၊ တောင်ကုတ် မြို့နယ်အသင်း၊ ဂွမြို့နယ်အသင်း၊ ကျောက်ဖြူမြို့နယ်အသင်း၊ မာန်အောင်မြို့နယ်အသင်း၊ ရမ်းဗြဲမြို့နယ်အသင်းနှင့် အမ်းမြို့နယ်အသင်း စုစုပေါင်း ခုနစ်မြို့နယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ထန်းတပင်၌ မူလတန်းကျောင်းသစ်ဆိုင်းဘုတ်ဖွင့်

ထန်းတပင် နိုဝင်ဘာ ၂၂

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ကျွန်းသုံးပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသစ်ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အခြေခံပညာမူလတန်းကျောင်းသစ် ဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်နွဲ့နွဲ့ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က အလှူငွေကျပ် ၃၀၀၀၀၊ မြို့နယ်အလှူရှင်များ ဖြစ်ကြသော ဦးခွန်တင်မြင့်မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးသက်တင်ထွန်း မိသားစုက ငွေကျပ် ၃၅၀၀၀ နှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းကြရာ အလှူငွေများကို ကျောင်းတာဝန်ခံဆရာမကြီးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်ပျဉ်းမနား၌ စာဆိုတော်နေ့ကျင်းပ

နေပြည်တော်ပျဉ်းမနား နိုဝင်ဘာ ၂၆

နေပြည်တော် ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက စာဆိုတော်နေ့ အခမ်းအနားကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်(စံကောင်း)က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ဦးကျော်ရှင်နှင့် ဦးကြည်အောင် (တေးသံရှင်ကြည်အောင်) တို့က စာပေရေးရာများ ဟောပြောကြသည်။ ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဦးထွန်းကျော်မင်းက ဖတ်ကြားသည်။ အခမ်းအနားသို့ ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူ ၃၀၀ကျော် တက်ရောက်ကြသည်။ (၀၈၄)

ပေါင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ပေါင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက စာဖတ်ဝိုင်းကျင်းပရာ နိုဝင်ဘာ၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါက်တာမြတ်မြတ်အုန်းခင် ရေးသားသော အမျိုးဂုဏ်-ဇာတိဂုဏ် မြင့်မားရေး အစဉ်ထိန်းသိမ်းစောင့်ရှောက်ကြသည့် မြန်မာ့အမျိုးသမီးများ ဆောင်းပါးကို ရုပ်/သံ-၃ ဒေါ်မိုးမိုးအေးနှင့် စာထောက်-၃ ဒေါ်မိယဉ်ယဉ်မွန်တို့က ဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ဆီဆိုင်မြို့နယ်၌ အောင်သုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဆီဆိုင် နိုဝင်ဘာ ၂၂

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု တပွန်းပုလဲရွာ အောင်သုတ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ၅ရက် နံနက်၁၀နာရီကအဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ရီရီမေနှင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဒေါ်ရီရီမေက ရေဒီယိုကက်ဆက်တစ်လုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခက စာအုပ်စာစောင်အုပ် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်က စာအုပ် ၁၀၀နှင့် အလှူရှင်များက ငွေပဒေသာပင်အတွက် ငွေကျပ်နှစ်သောင်းငါးထောင်ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။ (မြို့နယ် ပြန်/ဆက်)

ရဲရင့်သွေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတရသနှင့်စာအုပ်စာစောင်များ ကျောက်ဆည်မြို့နယ်၌ ပေးအပ်လှူဒါန်း

ကျောက်ဆည် နိုဝင်ဘာ ၂၂

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ရဲမအူကျေးရွာ ရဲရင့်သွေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌဦးဌေးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေးတို့ကို ရှင်းလင်းဆွေးနွေးကာ သုတရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

ဆက်လက်၍ ရဲရင့်သွေးစာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌဦးဌေးလှိုင်နှင့် ရပ်မိရပ်ဖ ဦးမြသွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

(ခရိုင် ပြန်/ဆက်)

ရွှေကူမြို့နယ် ငါးဘတ်ဝကျေးရွာတွင် သုတထွန်းစာကြည့်တိုက်ဖွင့်

ရွှေကူ နိုဝင်ဘာ ၂၃

ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာအုပ်စု ငါးဘတ်ဝကျေးရွာ သုတထွန်းစာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၄ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဆန်းယု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးကျော်စိုးနိုင်နှင့် ငါးဘတ်ဝကျေးရွာ ဥက္ကဋ္ဌဦးမောင်ညွှန့်တို့က သုတထွန်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (၁၇၉)**

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် မဲ့ပလဲ့-ထီးချားရား ကျေးလက် ကျောက်လမ်း ကျောက်ဖြည့်ပြုပြင်မှုအခြေအနေကို လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တနင်္သာရီမြို့ ဈေးအနီးရေစီးရေလာ ကောင်းမွန်ရေးအတွက် ကွန်ကရစ်တံတားဆောင်ရွက်ထားရှိမှုအခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးထွန်းထွန်းဦးနှင့်အငယ်တန်း အင်ဂျင်နီယာ-၂ ဦးအောင်သက်ဦး တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ကျောက်ထု၌ဆောင်ရွက်

ကျောက်ထု နိုဝင်ဘာ ၂၃

မကွေးတိုင်း ကျောက်ထုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးကြိုတင်ကာကွယ်ရေးအနေဖြင့် နိုဝင်ဘာ ၂၀ရက်က အဖွဲ့ပိုင်ရုံးဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုကို မြို့တာဝန်ခံ ဦးညာဏ်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဘိုမင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

27-11 (16).pmd 1 11/26/2009, 10:22 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုယ်ဝန်အဆိပ်တက်မှု ဂရုပြုကုသ

ကိုယ်ဝန်အဆိပ်တက်ရောဂါ ခံစားရသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အသံအိုး (သိုင်းရွိုက်)ဆိုင်ရာ ပြဿနာများ ကြုံတွေ့ရန် ပိုများကြောင်း တွေ့ရသည်ဟု ဆိုသည်။

ဂရုပြုကုသ

ထူးခြားစွာ သွေးပေါင်ချိန်တိုးပြီး ပေါ်ပေါက်သည့် ကိုယ်ဝန်အဆိပ်တက်ခြင်းကို ဂရုပြုကုသရမည် ဖြစ်သည်။ ကုသမှုမပြုလျှင် မိခင်ရောကလေးငယ်ပါ ကြွက်တက်ခြင်း၊ နှလုံးနှင့် ကျောက်ကပ်ပျက်စီးခြင်းအပြင် အသက်အန္တရာယ်ပါ စိုးရိမ်ရသည်။

ကိုယ်ဝန်အဆိပ်တက်ခြင်းဖြင့် အသံအိုး(သိုင်းရွိုက်)၏ လုပ်ငန်းလည်ပတ်မှုများ ကျဆင်းလာကာ အမျိုးသမီးဝေဒနာရှင်အနေဖြင့် မောပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်း၊ စိတ်ကျဝေဒနာ ခံစားရခြင်းနှင့်တကွ နှလုံးရောဂါဖြစ်နိုင်ခြေ ပိုများလာခြင်းတို့ ကြုံတွေ့ရတတ်သည်။

အကြံပြု

ထို့ကြောင့် ကိုယ်ဝန်အဆိပ်တက်မည့် လက္ခဏာတွေ့ရသော ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် အသံအိုး(သိုင်းရွိုက်)၊ နှလုံးနှင့် ကျောက်ကပ်ကောင်း/မကောင်း ဆရာဝန်များက စမ်းသပ်ပေးကြရန် ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) နှင့် (၅)တွင် ဖော်ပြထားပါသည်။

လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ဖောက်လုပ်ထားသည့် မကွေးတိုင်း ဆိပ်ဖြူမြို့အဝင်လမ်းမကြီးကို ဤသို့သပ်ရပ်ပြန့်ပြူးစွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်စဥ့်ကူစိုးဝင်း

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်း ဆိပ်ဖြူမြို့သို့ မကြာမီက ရောက်ရှိခဲ့ရာ ဧရာဝတီမြစ်ကူး အနော်ရထာတံတားကြီးဖြင့် ပန်းရနေသော ဆိပ်ဖြူမြို့အလှက သတင်းခရီးသည်အဖို့ ရင်သပ်ရှုမော ဖြစ်စေခဲ့သည်။ အနော်ရထာတံတားကြီးမှာ ချောက်မြို့နှင့် ဆိပ်ဖြူမြို့အကြား ဧရာဝတီမြစ်ကို ပေါင်းကူးတည်ဆောက်ထားခြင်းဖြစ်သည်။ တံတားကြီးဖွင့်လှစ်ပြီးနောက်ပိုင်း ဆိပ်ဖြူမြို့သာမက ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မြို့နယ်များပါ လူမှုစီးပွား ကဏ္ဍအဖြာဖြာ၌ အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုး ဝေစည်လာခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ *

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက်
စဥ့်ကူစိုးဝင်း

စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)